# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ–၇၉)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သတင်းထုတ်ပြန်ချက်

### တရားမဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းမှ ရှောင်ကြဉ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတကာအသိုက်အဝန်းကို ထပ်လောင်းတောင်းဆို

Annual Ministerial Meeting on the Responsibility to Protect အမည်ရှိ အစည်းအဝေးကို ၂၀-၉-၂၀၂၁ ရက်တွင် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံပြင်ပ၌ ကျင်းပခဲ့ပြီး၊ Global Center for Responsibility to Protect (GCR2P) အဖွဲ့က ယင်းအစည်းအဝေးကို ဦးဆောင်ပြုလုပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သိရှိရသည်။ အဆိုပါအစည်းအဝေးသို့ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် တရားရင်ဆိုင်နေရသည့် ကျော်မိုးထွန်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လုပ်ဆောင်နေသည့်အတွက် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG ခေါ် အဖွဲ့ကို ကိုယ်စားပြု၍ မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်၍ ၎င်း၏ ပါဝင်တက်ရောက်မှုသည် မြန်မာနိုင်ငံကို ကိုယ်စားပြုခြင်းမရှိကြောင်းနှင့် ၎င်းကိုယ်တိုင်သည်လည်း အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ထင်ရှားသည့် အထောက်အထားပင်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ ထို့အပြင် ၎င်း၏မိန့်ခွန်းတွင် အစိုးရဆန့်ကျင်သည့် အသိုက်အဝန်းမှ မမှန်မကန် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များပါဝင်ပြီး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေကာ ပြည်ပစွက်ဖက်မှုကို ဖိတ်ခေါ်နေသည့် လက်ခံနိုင်ဖွယ်မရှိသော အချက်အလက်များ ပါဝင်နေသည်။

၎င်းကို ပါဝင်တက်ရောက်ခွင့်ပြုသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အပြုအမူကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချပြီး ယင်းသို့ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်အားပေးရာရောက်ကြောင်း သတိပေးအပ်သည်။ သို့ဖြစ်၍ ယင်းကဲ့သို့ တရားမဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းမှ ရှောင်ကြဉ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတကာအသိုက်အဝန်းကို ထပ်လောင်းတောင်းဆိုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်**


ယနေ့ ဖတ်စရာ

တိုင်းပြည်သာယာဝပြောရေးအတွက် ရင်ထဲကစေတနာ — ဆောင်းပါး — စာ -၆

ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နောက်ထပ် ကိုဗစ်- ၁၉ ကာကွယ်ဆေး သန်း ၅၀၀ လှူဒါန်းပေးသွားမည့် အမေရိကန် — နိုင်ငံတကာရေးရာ — စာ -၁၄

ကျေးလက်လမ်း၊ တံတားများအား ရာသီမရွေးအသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းဖြင့် တိုင်းရော၏ လူမှုစီးပွားဘဝ မြှင့်တင် — ဆောင်းပါး — စာ -၁၆




## ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ယခုရက်အတွင်း ဘုရားဖူးလာသူ များပြား

ညောင်ဦး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ယခုတစ်ပတ်အတွင်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ များပြားလာနေကြောင်း ရွှေစည်းခုံစေတီတော်ရုံး အဖွဲ့ဝင် ဦးသန်းမြင့်အောင်ထံမှ သိရသည်။

ပုဂံဒေသ၏ သမိုင်းဝင်အထင်ကရဘုရားများဖြစ်သည့် တုရင်တောင် စွယ်တော်မြတ်စေတီ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ထီးလိုမင်းလို၊


*စာမျက်နှာ ၃ ကော်လံ ၁* ❐

မြန်မာ့အလင်း

# ဘာသာသာသနာတို့၏ အဆုံးအမနှင့်အညီ ငြိမ်းချမ်းသာယာမှုကို တည်ဆောက်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့နိုင်ငံတွင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ အညီအမျှရှိသည်။ ဗုဒ္ဓဘာသာသာသနာကို နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟူ၍လည်းကောင်း၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာသာသနာများနှင့် နတ်ကိုးကွယ်မှုတို့ကိုလည်း နိုင်ငံတော်တွင် တည်ရှိနေကြသည့် ကိုးကွယ်ရာဘာသာများဟူ၍လည်းကောင်း အသိအမှတ်ပြု ပြဋ္ဌာန်းထားကာ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်လျက်ရှိသည်။

နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲများကို အကြောင်းပြုကာ ဆန္ဒပြမှု၊ ဆူပူအုံကြွမှု၊ လက်နက်ကိုင်သောင်းကျန်းမှုနှင့် အကြမ်းဖက်မှုများ၏ ဖြစ်စဉ်အဆင့်ဆင့်တို့တွင် အကြမ်းဖက်သမားများနှင့်တကွ အကြမ်းဖက်အားပေး မီဒီယာတို့က ဘာသာရေးသွေးခွဲမှုတို့ကိုလည်း ရည်ရွယ်ချက်ရှိရှိ ပြုလုပ်လာကြသည်။ ဓူရနှစ်ဖြာနှင့် လူသားအကျိုးပြု ပရဟိတလုပ်ငန်းများ ကြိုးပမ်းထမ်းဆောင်နေကြသည့် ရဟန်းသံဃာများကို သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြသကဲ့သို့ ဗုဒ္ဓဘာသာနှင့် အခြားဘာသာများအကြား သံသယနှင့် ပဋိပက္ခများဖြစ်ပေါ်လာစေမည့် အကြောင်းတရားများကိုလည်း ဖန်တီးခဲ့ကြသည်။ စင်စစ်အားဖြင့် ဤနည်းလမ်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးတွင် အကြမ်းဖက်အာဆာတို့က ကျင့်သုံးခဲ့သည့် နည်းလမ်းဖြစ်ပြီး ဘင်္ဂါလီအရေးကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အရေးအဖြစ်မှ အစ္စလာမ်ဘာသာဝင်များကို နှိပ်ကွပ်သည့် ဘာသာရေးဖိနှိပ်မှုအဖြစ် ကမ္ဘာနှင့် အိုအိုင်စီနိုင်ငံများက မြင်လာအောင် မီဒီယာများအကူအညီဖြင့် လှည့်စားခဲ့ကြခြင်း ဖြစ်သည်။

ဘာသာရေးသည် လူသားတို့၏ စိတ်နှလုံးကို သိမ်းကျုံးယူနိုင်သည့် အစွမ်းသတ္တိရှိရာ နိုင်ငံရေးသမား လူညစ်များနှင့် အကြမ်းဖက်အဖွဲ့အစည်းတို့က အသုံးချလေ့ရှိကြသည်ကို ကမ္ဘာ့သမိုင်းတွင်လည်း တွေ့ရှိနိုင်သည်။ ချင်းပြည်နယ် ထန်တလန်မြို့တွင် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည့် မြို့တွင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား ၁၀၀ ခန့်က လူနေအိမ်များကို အကာအကွယ်ယူကာ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူနေအိမ် အလုံး ၂၀ နှင့် လမ်းဦးစီးရိပ်သာ သုံးထပ်အဆောက်အအုံတို့ မီးလောင်ခဲ့သည်။ ခရစ်ယာန်အသင်းတော်မှ သင်းအုပ်ဆရာကျည်ထိမှန်သေဆုံးမှုသည် တိုက်ပွဲဖြစ်ပွားပြီးနောက် အချိန်တစ်နာရီခွဲကျော်ကျော်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းကိစ္စနှင့် ပတ်သက်၍ တစ်ဖက်သတ်စွပ်စွဲမှုများ၊ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်လာခဲ့ကြသည်။ အဆိုပါသတင်းများကို အခြေခံ၍ ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းအချို့က သဘောထားထုတ်ပြန်ချက်များကို ထုတ်ခဲ့ကြသည်။

တိုက်ခိုက်မှုများဖြစ်ပွားခြင်း၊ လူနေအိမ်ခြေများ မီးလောင်ပျက်စီးခြင်း၊ သာသနာ့ဝန်ထမ်းများ၊ အရပ်သားများ ထိခိုက်သေဆုံးကြရခြင်း၊ အိုးအိမ်များကိုစွန့်ခွာ၍ တိုက်ပွဲရှောင်ထွက်ပြေးရခြင်း စသည်တို့မှာ မည်သည့်ဒေသ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်များဖြစ်စေ စိတ်မချမ်းမြေ့ဖွယ်ရာများပင်ဖြစ်သည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်ရာဘာသာပေါင်းစုံတို့နှင့် ဖွဲ့စည်းထားသည့်နိုင်ငံဖြစ်ပြီး သမိုင်းစဉ်တစ်လျှောက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသလို နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်းကောင်း၊ လွတ်လပ်ပြီးနောက် နိုင်ငံတော်ထူထောင်ရေး၊ လွတ်လပ်မှုထိန်းသိမ်းရေးတို့တွင်လည်းကောင်း စည်းလုံးညီညွတ်ခဲ့ကြသူများဖြစ်သည်။

အကြမ်းဖက်အဖွဲ့အစည်း NUG ၊ CRPH နှင့် အကြမ်းဖက်ဝါဒအားပေးနေသည့် မီဒီယာများက မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားပြည်သူများအချင်းချင်း၊ ကိုးကွယ်ရာဘာသာများအချင်းချင်း သံသယဝင်အောင်၊ စိတ်ဝမ်းကွဲအောင်ပြုလုပ်ကာ နောက်ထပ်မီးမွှေးနေခြင်းပင်ဖြစ်သည်။ ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ စည်းလုံးညီညွတ်မှုတို့ ပျက်ပြားကာ အကြမ်းဖက်သမားတို့အလိုကျ ပဋိပက္ခများ ဖြစ်ပေါ်မလာစေရေးအတွက် ဘာသာသာသနာတို့၏ အဆုံးအမနှင့်အညီ ဆင်ခြင်တုံတရားပြည့်ဝစွာဖြင့် ငြိမ်းချမ်းမှုတို့ တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၅/ ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၅ တွင် –

(က) ပုဒ်မခွဲ (ဒ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

“(ဒ) သန့်ရှင်း၊ သာယာ၊ လှပသည့် မြို့တော်ကြီးဖြစ်လာစေရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူက လိုက်နာစေရေး တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၊ အဖွဲ့အစည်းများအား ဆုငွေချီးမြှင့်ခြင်း၊”

(ခ) မူလပုဒ်မခွဲ(ဒ)ကို ပုဒ်မခွဲ(ဓ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ နှင့် ၂၇ တို့ကို ပယ်ဖျက်ရမည်။

၄။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃၂၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်–

“(က) ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီတောင်းခံရယူရမည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မန္တလေးတိုင်းဒေသကြီး ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ဝါသီးနှံကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး တစ်ကေအထွက်နှုန်း တိုးတက်ရေးနှင့် ဝါမျိုးကောင်းမျိုးသန့်များ လွှမ်းခြုံနိုင်ရေးအတွက်ရည်ရွယ်၍ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်၌ ကျင်းပခဲ့သည်။

အဆိုပါ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ခြံတာဝန်ခံများ၊ ဝါစိုက်တောင်သူများနှင့် လုပ်ငန်းရှင် စုစုပေါင်း ၄၇ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ တက်ရောက်လာသူများက ခိုင်မာသည့် ဝါဈေးကွက်များရရှိရေး၊ အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သော ဝါမျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးစိုင်းသန်းအောင်က ယခုနှစ်မိုးနှောင်းတွင် တိုင်းဒေသကြီးအတွင်း ဝါအထူးဇုန် ၂၇၈၂ ကေရှိပြီး ရုံးချုပ် Quick Win အစီအစဉ်ဖြင့် ၄၇၅ ကေ ပံ့ပိုးထားသဖြင့် ၂၀၂၂–၂၀၂၃ မိုးတွင် စိုက်ပျိုးမည့်ကေ ၁ ဒသမ ၈ သိန်းအတွက် ဝါမျိုး ကောင်းမျိုးသန့်များ လုံလောက်မှုရှိမည်ဖြစ်ကြောင်း၊ ဝါစိုက်တောင်သူအသင်းအဖွဲ့များ သမဝါယမအသင်းများ၊ မျိုးစေ့ထုတ်တောင်သူအသင်းများဖွဲ့စည်းနိုင်ရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၃–၉–၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Symptomatic** | | | | |
| 1 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 2 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 3 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 4 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 5 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 6 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 7 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 8 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma–waddy |
| 9 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 10 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဆီအထွက်နှုန်းတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန်လို

စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်း၌ ဆီဖူလုံမှုရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် စားသုံးဆီများထွက်ရှိရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများဖြစ်ထွန်းစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆီအဓိကထွက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ဆီထွက်သီးနှံများ စိုက်ပျိုးကြကြောင်း၊ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆီအထွက်နှုန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းနှင့် လိုအပ်သည့် ရေနှင့်မြေဩဇာများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဝါအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ ချည်များတင်သွင်းမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ မောင်းနှင်အားတွင် စီးပွားရေးမောင်းနှင်အားသည် အရေးကြီးကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# လုပ်ငန်းရှင်များ၏ လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် ကိုဗစ်ချေးငွေများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၃

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် Anita Asia Company Limited ၏ အထည်ချုပ်စက်ရုံသို့ရောက်ရှိရာ စက်ရုံ၏တာဝန်ခံက စက်ရုံလုပ်ငန်း လည်ပတ်နေမှု၊ အမှာစာများ လက်ခံရရှိမှု၊ တွေ့ကြုံနေရသည့်အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး လှိုင်သာယာစက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

### အားပေးကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Ayeyar Prince Trading Company Limited ၏ ဆန်သန့်စင်ကြိတ်ခွဲခြင်းလုပ်ငန်းသို့ရောက်ရှိရာ စက်ရုံ၏လုပ်ငန်းခွင်၌ ကုမ္ပဏီ၏တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ဆန်ကြိတ်ခွဲရေးလုပ်ငန်း လည်ပတ်နေမှု၊ ပြည်ပသို့ တင်ပို့နိုင်မှုနှင့် ကန်ထရိုက်စနစ်ဖြင့် လယ်ယာလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆန်ကြိတ်ခွဲမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် Supply Chain တစ်ခုလုံး ပါဝင်ဆောင်ရွက်နိုင်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ခေတ်မီဆန်စက်ဖြင့် ကြိတ်ခွဲထုတ်လုပ်နေမှုများကို အားပေးကြည့်ရှုသည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌ လှိုင်သာယာစက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာ ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးသောင်း၊ အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက စက်မှုဇုန်အတွင်း စက်ရုံလုပ်ငန်းလုပ်ဆောင်နေမှု၊ ဘဏ်နှင့်ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊ မီးလောင်စက်ရုံများ အမြန်ဆုံး လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရေးကိစ္စရပ်များ၊ သဘော်္ဘာလိုင်းတင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အာမခံထားရှိမှု၊ အခွန်ကင်းလွတ်ခွင့်နှင့် ချေးငွေရရှိရေးကိစ္စရပ်များ၊ စက်မှုဇုန် အဆင့်မြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြသည်။

### ပြန်လည်ညှိနှိုင်းဆွေးနွေး

ယင်းနောက် တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မီးလောင်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆောလျင်စွာ ဆောင်ရွက်ပေးထားသည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည့် အစီအစဉ်များ၊ လုပ်ငန်းရှင်များ၏ လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် ကိုဗစ်ချေးငွေများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး၊ အသေးစားအလတ်စား စက်မှုလုပ်ငန်းများနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများ ပိုမိုမြှင့်တင်ရေးဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပို့ကုန်တင်ပို့မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူရေး၊ Online စနစ်ဖြင့် ဝန်ဆောင်မှုမြှင့်တင်ရေး၊ ခွင့်ပြုမိန့်ရပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ဝန်ဆောင်မှုပိုမိုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှု အတားအဆီးများလျှော့ချရေး၊ ပွင့်လင်းမြင်သာမှု အားကောင်းရေးတို့အတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းရှင်များက တင်ပြသည့် ကိစ္စရပ်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❒ *ရွှေဖုံးမှ*

ရွှေစည်းခုံ၊ မနူဟာ၊ အာနန္ဒာ၊ ဗူးဘုရား၊ အလိုတော်ပြည့်၊ ကျောက်ဂူဥမင်၊ ပြဿကြီးဘုရား၊ သဗ္ဗညုဘုရားနှင့် ကန်တော့ပလ္လင်ဘုရားများသို့ လာရောက်ဖူးမြော်သူ ၁၅၀ မှ ၅၅၀ အထိရှိကြောင်း၊ ဘုရားဖူးများမှာ ဟဲဟိုး၊ တကောင်း၊ တောင်ကြီး၊ ဟိုပုံး၊ နတ်မောက်၊ မကွေး၊ ပဲခူး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့များမှ လာကြပြီး ပုပ္ပားတောင်ကလပ် အဘအောင်မင်းခေါင်ထွက်ပွဲ (ဘိုးတော်ထွက်ပွဲ)သို့လာရင်းဖြင့်လည်း ပုဂံဘုရားများကို ဝင်ရောက်ဖူးမြော်ကြကြောင်း သိရသည်။

စက်လှေအငှားလိုက်သည့် ဦးမောင်စိုးက မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် သမိုင်းဝင်အထင်ကရ ဘုရားများအပြင် ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ သာသနိကအဆောက်အအုံ၊ စေတီပုထိုးများကို ဖူးမြော်ကြသလို ဘုရားများရှိ နံရံဆေးရေးပန်းချီများကိုလည်း စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ယခုရက်ပိုင်းကဲ့သို့ ဘုရားဖူးများ ဆက်တိုက်လာရောက်ခဲ့ပါက ဈေးဆိုင်များ၊ မြင်းလှည်းအငှားလိုက်သမားများ၊ စက်ဘီးငှားစားသူများ၊ သုံးဘီးအငှားသမားများ၊ ဗူးဘုရားမြစ်ဆိပ်မှ စက်လှေအငှားလိုက်သူများ ပြန်လည်အဆင်ပြေလာနိုင်ကြောင်း ပြောသည်။

ကိုဗစ်- ၁၉ ရောဂါ မြန်မာနိုင်ငံတွင် စတင်ကူးစက်ချိန်မှစ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးမြော်ခွင့်ကို ပိတ်ထားခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူအပါအဝင် ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံများတွင် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုခဲ့ကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

### မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၃ - ၉ - ၂၀၂၁

| | |
|---|---|
| လောင်းလုံးမြို့ | ၈ ဒသမ ၅၀ လက်မ |
| ထားဝယ်မြို့ | ၇ ဒသမ ဝ၉ လက်မ |
| လပွတ္တာမြို့ | ၄ ဒသမ ၅၇ လက်မ |
| ပုသိမ်မြို့ | ၃ ဒသမ ၃၅ လက်မ |
| နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) | ၂ ဒသမ ၇၉ လက်မ |
| ကျိုက္ခမီမြို့ | ၂ ဒသမ ၅၆ လက်မ |
| ကွမ်းခြံကုန်းမြို့ | ၂ ဒသမ ၄၄ လက်မ |
| မုဒုံမြို့ | ၂ ဒသမ ၄၄ လက်မ |
| တောင်ငူ (လေကြောင်းမိုးလေဝသ) | ၂ ဒသမ ၁၇ လက်မ |
| ပေါင်မြို့ | ၂ ဒသမ ၁၃ လက်မ |
| ကန့်ဘလူမြို့ | ၂ ဒသမ ဝ၉ လက်မ |

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံ - အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ video conferencing ဖြင့် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့တွင် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ video conferencing ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

**ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူ**

အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံခြားရေး



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ video conferencing ဖြင့် ပါဝင်တက်ရောက်စဉ်။

ဝန်ကြီး Retno L.P. Marsudi နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Antony Blinken တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြပြီး အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနှင့် အမေရိကန်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်**

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေး၊ အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေးတွင် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အရေးကြီးကြောင်း၊ အာဆီယံ၏ ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေးကြိုးပမ်းမှုတွင် အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများအပေါ် ကျေးဇူးတင်ကြောင်း၊ အကူအညီများ ထပ်မံပေးအပ်သွားရန် တိုက်တွန်းကြောင်းနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (IAI) ကိုလည်း ဆက်လက်ကူညီပံ့ပိုးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတွင်းလုံခြုံရေး အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် မြန်မာနိုင်ငံပြည်သူလူထုအတွက် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပေးအပ်ရေးအတွက်အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်နေမှုအပါအဝင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၏ သဘောတူညီချက် (၅) ချက်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

**တရားဝင်မှုမရှိ**

CRPH နှင့် NUG တို့မှ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချသွားရန် ပြည်ထောင်စုဝန်ကြီးက အမေရိကန်နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းခဲ့သည်။ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများတွင် ယင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ကိုယ်စားပြုမှု လုပ်ဆောင်မှုများသည် တရားဝင်မှုမရှိကြောင်းနှင့် လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဦးစားပေးတင်သွင်းဖြန့်ဖြူးမည့် ဆေးအမျိုးအစားများကို အတည်ပြုသတ်မှတ်၍ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချမည့် လုပ်ငန်းစဉ်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ရောင်းချပေးမည့် နိုင်ငံခြားငွေ အသုံးပြု၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရာတွင် အသုံးပြုမည့် ဆက်စပ်ဆေးဝါးများကို တင်သွင်းဖြန့်ဖြူးမည့် အစီအစဉ် စနစ်တကျရှိစေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရာတွင် အသုံးပြုမည့် ဆက်စပ်ဆေးဝါးများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်စေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ရောင်းချပေးမည့် နိုင်ငံခြားငွေ အသုံးပြု၍ ဆေးဝါးများတင်သွင်းဖြန့်ဖြူးမည့်ကုမ္ပဏီများကို မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ စိစစ်ကြပ်မတ်ပြီး နိုင်ငံတော်မှ ရောင်းချပေးသည့် နိုင်ငံခြားငွေများကို စနစ်တကျဖြင့် ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးပြုနိုင်စေရန်၊ ဦးစားပေးတင်သွင်းဖြန့်ဖြူးမည့် ဆေးအမျိုးအစားများကို အတည်ပြုသတ်မှတ်၍ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချမည့် လုပ်ငန်းစဉ်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်ပေးရန်နှင့် တက်ရောက်သူများက ဝိုင်းဝန်း ဆွေးနွေးပေးကြရန် မှာကြားသည်။



ယင်းနောက် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေးတက်ရောက်လာသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရာတွင်အသုံးပြုမည့် ဆက်စပ် ဆေးဝါးများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ရောင်းချပေးမည့် နိုင်ငံခြားငွေအသုံးပြု၍ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရာတွင် အများပြည်သူအသုံးပြုမှုများပြားသည့်ဆေးဝါးများကို ဦးစားပေး တင်သွင်းရေးနှင့် ဆေးဝါးများ ဖြန့်ဖြူးရောင်းချမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စက်မှုဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ရန်ကုန် OSS Task Force အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

**ကျိုင်းတုံ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်၌ နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်နှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်ပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)အဖွဲ့ဝင် ဦးအောင်စိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းဆမ်တစ်တို့က အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ငွေများကို အကျိုးခံစားခွင့်ရှိသူ ပြည်သူများလက်ဝယ်အရောက် ပေးအပ်နိုင်ရေး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက စနစ်တကျ ဆောင်ရွက်ပေးစေလိုကြောင်း အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ငွေများပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား ဧပြီလမှ ဇွန်လအထိတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဘိုးဘွား ၈၂၀ အတွက် စုစုပေါင်းငွေကျပ် ၂၄၆ သိန်းကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၁၅၉၆ ဦးနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ် ၁၄၆၄ ဦးတို့အား အောက်တိုဘာလမှ ဒီဇင်ဘာလအတွက် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် မိခင်နှင့်ကလေး ၃၀၆၀ အတွက် စုစုပေါင်းငွေကျပ် ၁၃၇၇ သိန်းကိုလည်းကောင်း ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံပေးအပ်ခဲ့ပြီး အဆိုပါထောက်ပံ့ငွေများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အကျိုးခံစားခွင့်ရှိသူများ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော လက်ထောက်ဆရာဝန်၊ အထူးကုဆရာဝန်များကို အမြန်ဆုံးဖြည့်ဆည်းပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကိုဗစ် -၁၉ အထူးကြပ်မတ်ကုသဆောင် တိုးချဲ့ပြုပြင်ဆောက်လုပ်ခြင်း ပြီးစီးမှုနှင့် ဆေးရုံကြီးရှိ ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကိုဗစ် -၁၉ အထူးကြပ်မတ်ကုသဆောင်ကို ဇွန် ၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လူနာနှစ်ယောက်ခန်း ငါးခန်းပါဝင်ကြောင်း၊ Medical gas system (oxygen plant, air plant, vacuum plant) တို့ပါဝင်၍ စနစ်တကျဖွဲ့စည်းထားကြောင်းနှင့် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံကာ ဆေးရုံလုပ်ငန်းများ ပုံမှန်အတိုင်း အင်အားပြည့်ဆောင်ရွက်ပေးနေသည့် ဆေးရုံဝန်ထမ်းများအားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်း ပါဝင်ဆောင်ရွက်နေသူများကိုလည်း ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုကာ ချီးမြှင့်ငွေများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သစ်လွင်ဆရာဝန်များ ဖြည့်ဆည်းနိုင်ရေး စီစဉ်လျက်ရှိသကဲ့သို့ ဆေးနှင့်ဆေးပစ္စည်းများ အထူးသဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် ကုသရေးဆေးဝါးများ လိုအပ်ချက်နှင့်အညီ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆေးရုံကြီးတွင် အရည်အသွေးပြည့်မီသည့် အောက်ဆီဂျင်အလုံအလောက်ရရှိရေးအတွက် Liquid Oxygen Tank တပ်ဆင်နိုင်ရေး စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၉ ရက်က ရှမ်းပြည်နယ် လားရှိုးမြို့ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀) ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအဆောက်အအုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ဆေး လာရောက်ထိုးနှံလျက်ရှိသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အကြိမ်ပြည့်ထိုးနှံထားပါက ရောဂါကူးစက်ခံရနိုင်မှုအခွင့်အလမ်းနည်းမည်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ခံရပါကလည်း ရောဂါပြင်းထန်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဓာတ်မှန်နှင့်ပုံရိပ်ဖော်ဌာန၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်းဌာန၊ သွေးလှူဘဏ်၊ ခွဲစိတ်ဌာနတို့ကို လည်းကောင်း၊ တစ်ရက်လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး ၂၈ လုံး ထုတ်လုပ်နိုင်သည့် Oxygen Plant ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွေးကင်းစကလေးလူနာဆောင်၊ သားဖွားမီးယပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ကြီးရုံး အစည်းအဝေးခန်းမတွင် အထူးကုဆရာဝန်များ၊ သူနာပြုများအပါအဝင် ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆေးရုံကြီးရှိ ကွန်ပျူတာဓာတ်မှန်စက်ကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ အဆင့်တိုးမြှင့်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူနာဆောင်များတွင် အောက်ဆီဂျင်ပိုက်လိုင်းများ တိုးချဲ့တပ်ဆင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော လက်ထောက်ဆရာဝန်၊ အထူးကုဆရာဝန်များကို အမြန်ဆုံးဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ နေ့စားဝန်ထမ်းသစ်များကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် လူနာများအကျိုးငှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးမှာကြားကာ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းဘဝကို ဂုဏ်ယူ၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် ခရိုင်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်နှင့် မြစ်သားမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဝမ်းတွင်းမြို့နယ်ရုံးတွင် မြို့နယ်ဝန်ထမ်းများအား မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အတူလည်းကောင်း တွေ့ဆုံသည်။

ထို့နောက် မိတ္ထီလာခရိုင်ရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သာစည်မြို့နယ်နှင့် မလှိုင်မြို့နယ်တို့မှ ဦးစီးမှူးများအား တွေ့ဆုံပြီး မိတ္ထီလာထပ်ဆင့်လွှင့်စက်ရုံအား ဝင်ရောက်ကြည့်ရှု စစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ယင်းနောက် ပျော်ဘွယ်မြို့နယ်ရုံးတွင်လည်းကောင်း၊ ဆက်လက်၍ ရမည်းသင်းခရိုင်ရုံးတွင် လည်းကောင်း ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ညနေပိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းဘဝကို အလေးထားဂုဏ်ယူပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ရန်၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများကို အကျိုးရှိအောင် ကြိုးစားဆောင်ရွက်ကြရန်၊ လက်ရှိအခြေအနေတွင် အရေးကြီး ဆောင်ရွက်နေသော ကိုဗစ် ရောဂါကာကွယ်ထိန်းသိမ်းကုသရေး၊ ကာကွယ်ဆေးထိုးနှံကြရေး၊ အဖျက်အမှောင့်အကြမ်းဖက်လုပ်ငန်းများ လျော့နည်းပပျောက်အောင် ပြည်သူလူထုက ပူးပေါင်း ပါဝင်လာကြရေးတို့ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်၊ ယခုအခါ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာသဖြင့် ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှုမှာ သိသိသာသာ လျော့နည်းသွားပြီး ဆူပူအကြမ်းဖက်မှုများကိုလည်း နေ့စဉ်ရှာဖွေဖော်ထုတ်မှုများ ပိုမိုလုပ်ဆောင်နိုင်လာသဖြင့် မကြာမီ နိုင်ငံတော်တွင် အဘက်ဘက်မှ တိုးတက်လာပြီး တည်ငြိမ်အေးချမ်းလာတော့မည် ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့် အဆောက်အအုံနှင့် စက်ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှုမရှိရေး၊ လုံခြုံရေးဂရုပြုလုပ်ဆောင်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ၄၆၄ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ဟွေအောကျေးရွာရှိ ဒေသခံ ‘ဝ ’တိုင်းရင်းသား ၃၃၁၈ ဦး၊ မြို့နယ် လေးမြို့နယ်တို့၌ ၁၁၅၉ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ၃၈၄၈၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တို့၌ ၉၉၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ၆၆၃၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ၁၀၆၇၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၆၇၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ၁၂၃၆၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ၂၄၈၁၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၃၅၂၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေး သစ်ပင်များခုတ်ထွင်ရှင်းလင်း


**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန် တိုင်းဒေသကြီးအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ယမန်နေ့က ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ၆၆ ကေဗွီ ဒဂုံအရှေ့ (၁+၂) ဖီဒါပေါ်ရှိ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မရမ်းကုန်းမြို့နယ် ၆.၆ ကေဗွီ သစ်တောကွန်ပျူတာခွဲရုံမှ ဓာတ်အားပို့လွှတ်သော ဘုရင့်နောင်ဖီဒါရှိအမှတ်(၁) ရပ်ကွက်ရှိဘုရင့်နောင်လမ်းမကြီးတစ်လျှောက် လှိုင်မြို့နယ် အင်းစိန်လမ်း၊ အုတ်ကျင်းလမ်း၊ ဦးသင်းဖေလမ်းတစ်လျှောက် 33 KV RIR ဂုတ်လျော်ဖီဒါနှင့် ၆၆ KV RIR မာလမြိုင်+ ပါရမီဖီဒါတို့နှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးများမှ လျှပ်စစ်မန်နေဂျာများ၊ အင်ဂျင်နီယာများ၊ သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ ဝန်ထမ်းအင်အား ၂၀၀ ကျော်၊ လုပ်ငန်းသုံးယာဉ် ၁၅ စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်**

အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# တိုင်းပြည်သာယာဝပြောရေးအတွက် ရင်ထဲကစေတနာ

မောင်မျိုးအောင်(ပန်းရော)

**၁၉၉၃ ခုနှစ်ဝန်းကျင်က စင်ကာပူခေါင်းဆောင်ဟောင်း လီကွမ်ယုက စကားတစ်ခွန်းပြောခဲ့ဖူး၏။ “အစိုးရကောင်းဆိုတာ သီအိုရီတွေ၊ သဘောထား ခံယူချက်တွေကို ဂရုမစိုက်ဘဲ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးကိုသာ ရှေးရှုတယ်၊ အစိုးရကောင်းဆိုတာ သဘောတရားထက် လက်တွေ့ အကျိုးသက်ရောက်မှုကို အလေးထားတယ်” ဟူသောစကားပင်ဖြစ်သည်။ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အစိုးရတစ်ရပ်၏ ဦးစီးခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်သည် အလွန်အရေးကြီး၏။ ၎င်း၏အနာဂတ်အမြင် Vision သည်လည်းကောင်း၊ ဖြစ်ပေါ်လာသော အခြေအနေတစ်ရပ်အပေါ် မှန်ကန်သော ဆုံးဖြတ်ချက်သည်လည်းကောင်း၊ ထိုနိုင်ငံ၏ အနာဂတ်ပင်ဖြစ်၏။ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်လျှင် လုပ်ကိုင်ဆောင်ရွက်မှုများ မှန်ကန်နိုင်မည်။ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန် မှန်ကန်သော အချက်အလက်များကို အခြေခံရမည်ဖြစ်၏။ မှန်ကန်သောအချက်အလက်များကို သမိုင်းရေးအမြင်နှင့် ပေါင်းစပ်သုံးသပ်နိုင်လျှင် မှန်ကန်သော ဆုံးဖြတ်ချက်များ မုချရရှိနိုင်ပေ၏။**

## မြန်မာနိုင်ငံအတွက် လိုအပ်

သမိုင်းရေးအမြင်ဟူသည် မိမိတို့ကြုံတွေ့ဖြတ်သန်းခဲ့ကြရသော အတိတ်ကာလ ဖြစ်စဉ်ဖြစ်ရပ်များကို ရှုမြင်သုံးသပ်လျက် မျက်မှောက်ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်၊ အကြောင်းအရာအချက်အလက်များကို ချိန်ထိုး၍ ပေါင်းစပ်သုံးသပ်ခြင်းဖြင့် ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ကောင်းမွန်မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်သည် သမိုင်းရေးအမြင်ကို ထိရောက်စွာ အသုံးချခြင်းဖြင့် မြစ်ကြီးနားမြို့နှင့် လားရှိုးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံစဉ် အမျိုးသားရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးအရ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်နှစ်ခုကို ထည့်သွင်းပြောကြားခဲ့သည်။ **အမျိုးသားရေး လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရမည့် လုပ်ငန်းမှာ** တိုင်းပြည်သာယာဝပြောရေးနှင့် **စားနပ်ရိက္ခာပေါများရေး၊ နိုင်ငံရေးအရလုပ်ဆောင်ရမည့်** လုပ်ငန်းစဉ်နှစ်ခုမှာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် **ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး**ဟူသည့် ရည်မှန်းချက်များထားရှိ ဆောင်ရွက်ရေးဟူသော လုပ်ငန်းစဉ်များထွက်ပေါ်လာခဲ့သည်။ ကမ္ဘာပေါ်ရှိ မည်သည့်အစိုးရပင်ဖြစ်စေ မိမိတို့၏ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လိုကြ၏။ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေး လမ်းစဉ်နှင့် နိုင်ငံရေးလမ်းစဉ်နှစ်ရပ်သည် မြန်မာနိုင်ငံအတွက် လိုအပ်သည့် ပကတိ အရှိတရားပင်ဖြစ်၏။**

လူတိုင်း၏ အခြေခံလိုအပ်ချက်သည် စား၊ ဝတ်၊ နေရေးပင်ဖြစ်ပြီး ထိုသုံးမျိုးအနက် စားရေးသည် နေ့စဉ်ဖြေရှင်းနေရသော အခြေခံပြဿနာပင်ဖြစ်၏။ နိုင်ငံတစ်ခု၏ အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ စား၊ ဝတ်၊ နေရေးအတွက် အခြေခံလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပေသည်။ ထိုသို့ဖြည့်ဆည်းမှု မပြုပေးနိုင်လျှင် မည်သည့်အုပ်ချုပ်ပုံ နည်းစနစ်ဖြင့် ဆောင်ရွက်စေကာမူ အောင်မြင်မည် မဟုတ်ပေ။ အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေးကို ဖြည့်ဆည်းပေးနိုင်သည့် စနစ်သည်သာ ရေရှည်တည်တံ့ခိုင်မြဲနေမည် ဖြစ်သည်။ လူသားများ အသက်ရှင်သန် ရပ်တည်နိုင်ရန်အတွက် စားသောက်ဖွယ်ရာ၊ စားနပ်ရိက္ခာများလိုအပ်သည်။ လူသားတို့အတွက် စားနပ်ရိက္ခာ လောက်ငဖူလုံမှု မရှိပါက အစာရေစာရှားပါးပြီး ဈေးနှုန်း ကြီးမြင့်ခြင်းနှင့် ဘဝရှင်သန်ရေးအတွက် အခက်အခဲရှိလာပြီး ငတ်မွတ်မှုများ ဖြစ်ပေါ်လာပေမည်။

## စားနပ်ရိက္ခာဖူလုံရေး

ယနေ့ကမ္ဘာတွင် လူတိုင်း စားသုံးနိုင်ရန် ရည်ရွယ်၍ စားနပ်ရိက္ခာများ အလုံအလောက် ထုတ်လုပ်လျက်ရှိ၏။ သို့သော် လူအများစုသည်

> **❍ နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် တိုင်းပြည်၏ အဘက်ဘက်မှ သာယာဝပြောရေးသည် နိုင်ငံရေးအခြေအနေနှင့် အပြန်အလှန် အထောက်အကူပြုလျက်ရှိ၏။ တိုင်းပြည်အေးချမ်းသာယာမှုရှိမှသာ လူတိုင်းက စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နိုင်ပေမည်။ ထိုသို့ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်ကိုင်နိုင်မှလည်း တိုင်းပြည်၏ ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို များစွာအကျိုးပြုဖြစ်ထွန်းနိုင်ပေမည်**

၎င်းတို့ အလိုရှိသည့် အစားအစာကိုဝယ်ယူရန် မတတ်နိုင်သော အခြေအနေနှင့် ရင်ဆိုင်နေရလျက်ရှိသည်။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးခန့်သည် ဆာလောင်မွတ်သိပ်မှုဒဏ်နှင့် အာဟာရမပြည့်ဝသည့်အန္တရာယ် စသည့် စားနပ်ရိက္ခာဖူလုံမှုမရှိသည့် အခြေအနေတို့နှင့် ရင်ဆိုင်နေရလျက်ရှိသည်။ ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေဆိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် အလုပ်အကိုင်ရှားပါးမှုဖြစ်ပေါ်လျက်ရှိပြီး လူသားတို့၏ စားနပ်ရိက္ခာဖူလုံမှုမရှိသည့် အခြေအနေသည် တိုးပွားလာဖွယ်ရှိနေပေသည်။ မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကထားစိုက်ပျိုးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၎င်းအပြင် ဆန်စပါးကို အခြေခံပြီး အခြားစိုက်ပျိုးသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် မိမိနိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံမှုတွင် တောင့်တင်းသော နိုင်ငံတစ်ခုဟု ဆိုနိုင်၏။ မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်ခန့်သည့် စိုက်ပျိုးရေး လုပ်ကိုင်နေကြသူများဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အရေးပါဆုံးလုပ်အားများဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် စားနပ်ရိက္ခာ ထုတ်လုပ်မှုအတွက်သာမက ကျေးလက်နေပြည်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကကျောရိုးမဏ္ဍိုင်လုပ်ငန်းကြီးပင်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် အသားတင်စိုက်ပျိုးမြေဧက (၂၉ ဒသမ ၅၉ )သန်းရှိပြီး အဆိုပါမြေပေါ်တွင် ရာသီအလိုက် သီးထပ်၊ သီးညှပ်များကိုလည်း စိုက်ပျိုးလျက်ရှိသည့်အတွက် နှစ်စဉ်သီးနှံစိုက်ပျိုးဧက စုစုပေါင်းမှာ ၄၈ သန်းကျော်ခန့်ဖြစ်၏။ တိုးတက်လာသည့် နိုင်ငံ့လူဦးရေ၏ နေ့စဉ်စားနပ်ရိက္ခာဖူလုံရန်အတွက် စိုက်ပျိုးရေးလုပ်ကိုင်သူများက မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးဖြစ်သည့် မျိုးကောင်းရန်၊ မြေနှင့်ရေကောင်းရန်၊ စိုက်နည်းစနစ် မှန်ကန်ရန်နှင့် လိုအပ်သည့် သွင်းအားစုများကိုလည်း ပြည့်ပြည့်ဝဝ ထည့်သွင်းအသုံးပြုမည်ဆိုလျှင် သီးနှံအထွက်နှုန်း မြင့်မားလာစေမည်ဖြစ်၏။ သို့မှသာ နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံမည်သာမက ပိုလျှံလာမည့် စိုက်ပျိုးရေးထွက်ကုန်များကိုလည်း နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချနိုင်လျှင် စီးပွားရေးအခြေအနေသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်၏။ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် (၉) ကြိမ်မြောက် မော်စကိုနိုင်ငံတကာ လုံခြုံရေးညီလာခံတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက " The Asia Pacific Region in the Content of Global Politics " ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ် **“ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်နဲ့ ဝဝလင်လင်စားသုံးနိုင်ကြစေရန်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် အများပြည်သူတို့ အဓိကစားသုံးသည့် ဆန်နဲ့ဂျုံများပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်သင့်သည့်အပြင် လူသားများရဲ့ အခြားသော ဖြည့်စွက်စာများကိုလည်း တစ်ဖက်တစ်လမ်းမှ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်သင့်ကြောင်း”** ကို ထည့်သွင်းဆွေးနွေး၍ စားနပ်ရိက္ခာဖူလုံရေး၏ အရေးကြီးမှုအား ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကမ္ဘာ့နိုင်ငံ အများစုသည် ကိုဗစ်-၁၉ ကပ်ရောဂါအား ကြုံတွေ့လျက်ရှိပေသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း နိုင်ငံ၏ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်တိုးတက်လာစေရန်နှင့် စားနပ်ရိက္ခာဖူလုံရန်၊ ပြည်သူများ၏ စား၊ ဝတ်၊ နေရေးကို အထောက်အကူပြုစေရန်အတွက် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့ရှိရ၏။ စားနပ်ရိက္ခာဖူလုံမှုသာ အာဟာရပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သော လူသားများအဖြစ် ကြံ့ခိုင်စွာရပ်တည်နိုင်မည်ဖြစ်၏။ အာဟာရပြည့်ဝမှုသာ ကိုယ်ခံအားစနစ်ကောင်းမွန်ပြီး ကြုံတွေ့နေကြရသော ရောဂါကိုလည်း ခုခံကာကွယ်နိုင်မည်သာဖြစ်ပေ၏။

## တည်ငြိမ်အေးချမ်းမှုရှိစေရန်

နိုင်ငံတော်၏ စီးပွားရေး အခြေအနေနှင့် တိုင်းပြည်၏ အဘက်ဘက်မှ သာယာဝပြောရေးသည် နိုင်ငံရေးအခြေအနေနှင့် အပြန်အလှန် အထောက်အကူပြုလျက်ရှိ၏။ တိုင်းပြည်အေးချမ်းသာယာမှုရှိမှသာ လူတိုင်းက စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နိုင်ပေမည်။ ထိုသို့ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်ကိုင်နိုင်မှလည်း တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို များစွာအကျိုးပြုဖြစ်ထွန်းနိုင်ပေမည်။ နိုင်ငံ့စီးပွားရေးအား တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံ့အရေးကိုလည်း နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး နည်းလမ်းမှန်ကန်စွာဖြင့် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါသည်။ သာယာချမ်းမြေ့သောဘဝကို လူတိုင်း တောင့်တကြသည်မှာ အမှန်ပင်ဖြစ်၏။ သာယာချမ်းမြေ့သော ဘဝကို တည်ဆောက်နိုင်ရန်အတွက် တည်ငြိမ်ပြီး လုံခြုံစိတ်ချရန်၊ တိုးတက်အောင်မြင်ရန်၊ ဂုဏ်သိက္ခာ အပေါင်းနှင့်ပြည့်စုံရန် စသည်ဖြင့် လိုအပ်ပေ၏။ နိုင်ငံတိုင်းရှိ အစိုးရတိုင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိစေရန် တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်၏။

## သမိုင်းအဖြစ်တွင်ရစ်ခဲ့

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် မျှော်လင့်မထားသည့် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တစ်ရပ်နှင့် ကြုံတွေ့ခဲ့ရ၏။ ထိုနိုင်ငံရေးအပြောင်းအလဲကို မူတည်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည်။ ထိုသဘောထားကွဲလွဲမှုများက တစ်ဆင့် NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က တိုင်းဖျက်၊ ပြည်ဖျက်နှင့် ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝပျက်စီးအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေလျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားလည်ပတ်နိုင်ရေးအတွက် အဓိကအခြေခံအကျဆုံးလုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်၏။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု မရှိပါက ကျန်လုပ်ငန်းများသည် လုပ်ဆောင်၍မရနိုင်ကြောင်း သမိုင်းသင်ခန်းစာများတွင် တွေ့ရှိနိုင်ပေသည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသည် နိုင်ငံတော်၏ တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ခေတ္တထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရတာဝန်ယူချိန်တွင် ဖဆပလအစိုးရမှ နိုင်ငံရေးအရ တိုင်းပြည်အားထိန်းသိမ်းနိုင်မှုမရှိတော့ခြင်းကြောင့် နိုင်ငံတော်၏တာဝန်များအား ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့ပြီး တပ်မတော်မှတာဝန်ယူခဲ့သည့် ၁၈ လကြာ ကာလအတွင်း အမျိုး၊ ဘာသာ၊ သာသနာနှင့် တိုင်းပြည်သာယာဝပြောရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အိမ်စောင့်အစိုးရသည် ဝေဖန်မှုများကြားက နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်မှု၊ တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုရရှိစေရန် ဖြူစင်မွန်မြတ်သော စိတ်စေတနာ၊ မလျှော့သောဇွဲလုံ့လ၊ ခိုင်မာသော ဆုံးဖြတ်ချက်တို့ဖြင့် ဆောင်ရွက်ခဲ့သည်များမှာ အတိတ်တွင်ပြောစမှတ်ဖြစ်အောင် သမိုင်းအဖြစ်တွင်ရစ်ခဲ့ပြီဖြစ်သည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

တပ်မတော်သည် နိုင်ငံတော်အရေးနှင့်ပတ်သက်လာလျှင် အစုအဖွဲ့အချို့၏ အမုန်းကိုခံ၍ တိုင်းပြည်အကျိုးကို ရှေးရှုဆောင်ရွက်ပေးခဲ့၏။ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်တို့တွင် တပ်မတော်သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ဖျက်ဆီးခံခဲ့ရသည့်အတွက် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။ ထိုသို့တာဝန်ယူဆောင်ရွက်သည့် ကာလများတွင် တည်ငြိမ်အေးချမ်း တိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လောက၌ အပြုသဘောလုပ်ဆောင်ရန် ခက်ခဲသလောက် အဖျက်သဘော လုပ်ဆောင်ရန်မှာ မူလွယ်ကူ၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့သည် နိုင်ငံတော်သာယာဝပြောရေးအတွက် အလုပ်ကိုကြိုးစားလုပ်ကိုင်ရင်း ရပ်ရွာအေးချမ်းသာယာတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်တို့ကိုပါ ဒွန်တွဲထမ်းဆောင်လုပ်ကိုင်နေကြရပါသည်။ သို့အတွက် မိမိတို့မျှော်မှန်းထားသည့် ရည်မှန်းချက်ကို သဘောထားကြည်ဖြူစွာ၊ စိတ်ရှည်သည်းခံစွာဖြင့် တရိပ်ရိပ်တက်လှမ်းနေရ၏။ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ အထက်နှင့် အောက်အပြန်အလှန် နားလည်မှုတို့သာ ရှိနေကြပါလျှင် တိုင်းပြည်မှာ အဘယ်မျှ သာယာဝပြောပေမည်နည်း။ ထိုအကြောင်းတရားတို့သာ ပြည့်လျှံနေပါလျှင် တိုင်းပြည်သာယာဝပြောခြင်း၏ အသီးအပွင့်ရလဒ်အား ချက်ချင်းလက်ငင်း ရရှိနိုင်ပေမည်။ သို့မဟုတ်ပါလျှင် အလှမ်းဝေးနေဦးမည်သာဖြစ်၏။

### တရားဥပဒေစိုးမိုးမှု ခိုင်မြဲနေရန် လိုအပ်

မည်သို့သော ခေတ်ကောင်း၊ စနစ်ကောင်းကို တည်ထောင်စေချင်ကာမူ အခြေခံအားဖြင့် တိုင်းပြည်၌ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုခိုင်မြဲနေရန်လိုအပ်၏။ ယင်းအခြေခံမခိုင်မာဘဲ အထပ်ထပ်ဆင့်သော အဆောက်အအုံကို မည်သို့မျှ တည်ဆောက်၍ မရနိုင်သဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် တရားဥပဒေစိုးမိုးမှု အရိပ်၊ အုပ်ချုပ်မှု အရိပ်အောက်၌ လွှမ်းခြုံသွားမိစေရန် ကြိုးပမ်းခဲ့ရသည့် မေ့မရကောင်းသော အတိတ်သမိုင်းဖြစ်ရပ်မှန်များတွင် တွေ့ရှိရပြီးဖြစ်၏။ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အပြန်အလှန်ယုံကြည်အားကိုးမှုဖြင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့၍သာ ကျော်လွှားနိုင်ခြင်းဖြစ်၏။ တကယ့်အရေးကြုံလာသောအခါ တကယ့်သွေးနီးသူအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို အမှန်တကယ် ကျော်လွှားနိုင်ခဲ့ခြင်းသာဖြစ်၏။ တိုင်းပြည်သာယာဝပြောရေး အလုပ်ကိုအေးချမ်းစွာ ဇောက်ချလုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ရရှိရေးကို မျိုးချစ်စိတ်ရှိသူတိုင်း၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသူတိုင်းက ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပေမည်။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်၏။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ လူမှုဘဝမြင့်မားလာမည်ဖြစ်၏။ လူမှုဘဝမြင့်မားလာသည်နှင့်အမျှ မိမိတို့၏ဘဝ၊ မိမိတို့၏မျိုးဆက် လူ့သက်တမ်းစေ့ နေနိုင်မည်သာဖြစ်၏။ အကြောင်းအကျိုးတရားတို့ ဆက်စပ်ဖြစ်တည်ခြင်းပင်ဖြစ်၏။

နိုင်ငံတော်ကြီးကို သာယာဝပြောအောင်ဆောင်ရွက်ရာ၌ မြော်မြင်နိုင်အား၊ ဦးဆောင်နိုင်အားရှိသည့် ခေါင်းဆောင်မှုကောင်း လိုအပ်သည်မှန်သော်လည်း နိုင်ငံတော် အစိုးရတစ်ဖွဲ့တည်းအားဖြင့် အစစရုန်းကန်လှုပ်ရှားနေ၍လည်း မဖြစ်နိုင်ပေ။ ဦးထမ်းပွဲထမ်း စေတနာထားပြီး ညီညီညွတ်ညွတ် ဝိုင်းဝန်းလုပ်ကိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး စာနာနားလည်မှုရှိခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုရှိခြင်း စသည်ဖြင့် သဟဇာတဖြစ်နေရန် အရေးကြီး၏။ နိုင်ငံတော်နှင့်ပြည်သူတို့၏ အနာဂတ်ကောင်းစားရေးအတွက် အပြောမဟုတ်ဘဲ လက်တွေ့ကျကျ ဦးစီးဦးဆောင် ပြုနေသည့် ခေါင်းဆောင်ပိုင်း၏ စေတနာအစစ်အမှန်ကို မိမိကိုယ်ပိုင် မြော်မြင်တွေးဆ၍ အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်နိုင်ခဲ့ပါလျှင် နောင်လာနောက်သားများအတွက် သမိုင်းအမွေခံကောင်းကို လက်ဆင့်ကမ်းပေးနိုင် လိမ့်မည်ဖြစ်၏။ **အမျိုးသားရေးဟူသည် နိုင်ငံအသီးသီးတွင် မှီတင်းနေထိုင်ကြကုန်သော နိုင်ငံသားအသီးသီး၏ သက်ဆိုင်ရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ အမျိုးသားရေးလက္ခဏာများ၊ ဘာသာရေး အယူဝါဒများအား မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရမည့် သမိုင်းပေး တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။** အမျိုးသားရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ ထွက်ပေါ်လာသည့် ရလဒ်များနှင့်ဆက်စပ်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ခြင်း စသောအောင်မြင်မှုများနှင့် ဆက်နွယ်နေသဖြင့် အလေးထား ဆောင်ရွက်သင့်ရန် လိုအပ်ပေမည်သာဖြစ်၏။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်အဖြစ် ရည်သန်၍ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက်လည်း နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိပေသည်။ နိုင်ငံရေး စနစ်များဟူသည် သူ့အလိုအလျောက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ တည်ရှိဆဲခေတ်ကာလတစ်ခု၏ အားနည်းချက်နှင့် ချွတ်ယွင်းချက်ကြောင့်သာ ပေါ်ပေါက်လာခြင်းဖြစ်၏။ မြန်မာ့သမိုင်းကြောင်းကိုလေ့လာကြည့်ပါက လွတ်လပ်ရေးရပြီး ကာလမှစ၍ ပါလီမန်ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းခဲ့သော်လည်း လူမျိုးရေးနှင့် ဝါဒရေးရာ အားပြိုင်မှုများ ပြင်းထန်လွန်းသဖြင့် ဒီမိုကရေစီအပင်ငယ်လေးမှာ လူးလူးလွန့်လွန့်ဖြင့်သာ ရှင်သန်ခဲ့ရ၏။

၁၉၈၈ ခုနှစ်တွင် အရေးအခင်းဖြစ်ပွား၍ အာဏာရအစိုးရပြိုကွဲခဲ့ပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များအား ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရပြီး ဆူပူအကြမ်းဖက်မှုများကြောင့် တပ်မတော်အစိုးရအုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ခဲ့ရသည်။ တပ်မတော်အစိုးရသည် ပြည်သူများထံ အာဏာလွှဲပြောင်းပေးလို၍သာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ဒီမိုကရေစီအစိုးရ ပေါ်ပေါက်လာစေရန် အဆင့်ဆင့် ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ အပြစ်ရှာလိုသူများက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းအမျိုးမျိုးပြ၍ အပြစ်တင်ပြောဆိုနေကြဆဲ ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်က နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးကောက်ပွဲတွင် အရွေးခံရသော ကိုယ်စားလှယ် ၁၀၇ ဦး၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် ၂၁၅ ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ် ၉၃ ဦး၊ အလုပ်သမားကိုယ်စားလှယ် ၄၈ ဦး၊ အသိပညာရှင်နှင့် အတတ်ပညာရှင် ကိုယ်စားလှယ် ၄၁ ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် ၉၂ ဦး၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ ၅၇ ဦးဟူသည့် ကိုယ်စားလှယ်အမျိုးအစား ၈ မျိုးနှင့် ကိုယ်စားလှယ် ၇၀၂ ဦးတို့ဖြင့် အစုအဖွဲ့ငယ်များ ဖွဲ့စည်းပြီး အကျေအလည်ဆွေးနွေးပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည့်အတွက် ထိုစဉ်က တာဝန်ယူခဲ့သည့် တပ်မတော်အလိုကျရေးဆွဲခဲ့ခြင်း ဟုတ်/မဟုတ် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ဆင်ခြင်သင့်၏။ ထို့အပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းစဉ် (၇) ရပ်ကို ကမ္ဘာသိကြေညာ၍ မနေးမမြန်ဖြင့် တစ်ဆင့်ချင်းညင်သာစွာ ကူးပြောင်းပေးခဲ့သည်မှာလည်း မငြင်းနိုင်သော အမှန်တရားဖြစ်၏။ ထိုသို့ညင်သာစွာ ကူးပြောင်းခဲ့သဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီအစိုးရ နှစ်ဆက် ပေါ်ထွက်လာခဲ့သည်။

### ဒီမိုကရေစီစနစ်ခိုင်မာစေရေး

မြန်မာနိုင်ငံသည် မိမိတိုင်းပြည်၏ ပကတိအခြေအနေနှင့်ကိုက်ညီသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်နှင့် ခိုင်ခိုင်မာမာသွားနိုင်မှသာ နိုင်ငံရေးအရ တည်ငြိမ်မှု ရှိမည်ဖြစ်၏။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲဆိုသည်မှာ အသက်ပင်ဖြစ်၏။ ဒီမိုကရေစီစနစ်သည် အများဆန္ဒဖြင့် ဆောင်ရွက်ခြင်းဆိုရာ၌လည်း စစ်မှန်ပြီးရိုးသားသည့် နိုင်ငံရေးစနစ်ဖြစ်ရန် လိုအပ်ပြီး အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောဆိုနိုင်ရန် ခဲယဉ်းပေလိမ့်မည်။ NLD ပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ဆောင်ရွက်ရာ၌ မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရ၏။ တပ်မတော်အနေဖြင့် မဲစာရင်းမှားယွင်းမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များအား ခေတ္တ တာဝန်ထမ်းဆောင်နေလျက်ရှိသည်။ မရိုးသားသည့် နိုင်ငံရေးဆောင်ရွက်ချက်များကြောင့် ယခုအခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ရာ တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံတွင် စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာစွာ ဖြစ်ပေါ်လာစေရေး ခိုင်ခိုင်မာမာ ဆုံးဖြတ်ချမှတ် ဆောင်ရွက်နေပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”** ဆိုသည့် ရှေ့လုပ်ငန်းစဉ်အား ချမှတ်ထားရှိပြီး ဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် နိုင်ငံရေးအရ လုပ်ငန်းစဉ်တစ်ရပ်ကို မမှိတ်မသုန်ဆောင်ရွက်သွားမည်သာ ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံများတွင် ဒီမိုကရေစီစနစ်ကို နိုင်ငံအလိုက်ကျင့်သုံးပုံချင်းသည် တူညီမှုမရှိဘဲ မိမိတို့နိုင်ငံ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးလေ့ရှိကြသည်။ မြန်မာနိုင်ငံသည်လည်း မိမိတို့၏ သဘောသဘာဝများနှင့်ကိုက်ညီသည့် ဒီမိုကရေစီ စနစ်ကိုသာ ကျင့်သုံးလျှောက်လှမ်းလျက် ရှိပါသည်။ ထိုသို့လျှောက်လှမ်းရာ၌ ကမ္ဘာ့နိုင်ငံများနှင့် အမီရင်ပေါင်တန်းလိုက်နိုင်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကနေရာမှ ပါဝင်လျက်ရှိ၏။ ထို့အပြင် ငြိမ်းချမ်းရေးသည် မြန်မာပြည်သူများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူတို့၏ အလိုလား အတောင့်တဆုံးအရာ၊ အလိုချင်ဆုံးသော ဆန္ဒလည်းဖြစ်၏။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုပြီး ရိုးသားမှု၊ စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအပေါ် အမြဲတမ်းကမ်းလင့်ကြိုဆိုလျက်ရှိပါသည်။

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၀) ဖွဲ့ဖြင့် လက်မှတ်ရေးထိုးထားရှိပြီးဖြစ်၏။ NCA စာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်များသည် ကနဦး **လက်နက်စွန့်ရန်မလိုဘဲ** နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များကို အခြေခံ၍ လက်နက်ကိုင်ပဋိပက္ခများအား ချုပ်ငြိမ်းသွားစေမည်ဖြစ်၏။ NCA **တန်းတူရည်တူ** အခွင့်အရေးရရှိခြင်းနှင့် အပြန်အလှန် ယုံကြည်မှု တည်ဆောက်ခြင်းဟူသော တန်ဖိုးများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်များအတွက် **နိုင်ငံရေးဆွေးနွေးပွဲများ** ကျင်းပနိုင်ရေးကို တိကျစွာပြဋ္ဌာန်းထားသော နိုင်ငံရေးလမ်းပြမြေပုံတစ်ခုအဖြစ်လည်း အာမခံချက် အပြည့်အဝပေးထား၏။ ၎င်းအပြင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန်အတွက် **နိုင်ငံရေးအင်အားစုများ** အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားနိုင်ရန်အတွက် အာမခံချက်များ ပါဝင်၏။ နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသော ဆုံးဖြတ်ချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အားဖြည့်ပေးမည့် အသက်ဝင်ရှင်သန်နေသော **ဖွဲ့စည်းပုံအခြေခံဥပဒေ** တည်ဆောက်ရေး လုပ်ငန်းစဉ် ပေါ်ပေါက်လာမည်ဖြစ်ပေသည်။ နိုင်ငံရေးဆွေးနွေးပွဲများမှရရှိလာသော ဆုံးဖြတ်ချက်များ၊ ဆွေးနွေးပွဲရလဒ်များနှင့်အညီ တိုင်းရင်းသားများ အစဉ်တစိုက်တောင်းဆိုခဲ့သည့် တန်းတူညီမျှမှုကို အာမခံနိုင်သည့် **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု**ကို တည်ဆောက်ခြင်းဖြင့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းစေမည်ဖြစ်သည်။

ထို့ကြောင့် NCA ၏ တန်ဖိုးနှင့် အနှစ်သာရတို့သည် အပစ်အခတ်ရပ်စဲရေး သက်သက်ထက် ကျော်လွန်၍ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာကြပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို ပါဝင်သင့်သူအားလုံး ပါဝင်သည့်နိုင်ငံရေးဆွေးနွေးပွဲများနှင့်အညီ တည်ဆောက်ရန်ဟူသော အာမခံချက်ကို အခိုင်အမာပေးထား၏။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ တူညီသောဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် NCA စာချုပ်မှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးအား နိုင်ငံရေးရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိပါသည်။

### ဖျက်ဆီးသူတို့၏ နိဂုံး

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသော အခြေအနေပေါ်မှ အမျိုးသားရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးအရ လုပ်ငန်းစဉ်တို့ကို မှန်ကန်စွာ အကဲဖြတ်ချမှတ်ဆောင်ရွက်ခြင်းဖြစ်၏။ စေတနာဖြင့်ယှဉ်သည့် မျှော်မှန်းချက်များကို ဝိုင်းဝန်းအားထုတ် ဆောင်ရွက်မှသာ နောင်လာနောက်သားအဆက်ဆက်အထိ ကျယ်ပြန့်ထိရောက်သော အကျိုးသက်ရောက်မှုများ ရရှိပေမည်။ နိုင်ငံတော်နှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် **နိုင်ငံတော်၏ သာယာဝပြောမှုနှင့် စားနပ်ရိက္ခာဖူလုံမှု** ရုပ်လုံးတို့က ပေါ်ပေါက်လာမည်မှာ မလွဲကေန်ဖြစ်၏။ နိုင်ငံတစ်ခုအား ဦးဆောင်ရာတွင် နိုင်ငံ့အရေးသည် ထိပ်ဆုံးမှဖြစ်သဖြင့် အမျိုးသားအကျိုးစီးပွားအပေါ် မှန်ကန်သည့်ဘက်က မမှားမယွင်း ရပ်တည်ဆောင်ရွက်ပါလျှင် နောင်မျိုးဆက်သစ်များအတွက် တာဝန်ကျေသူများဖြစ်လာကြပေမည်။ လောကတွင်တည်ဆောက်ပြုပြင်သူနှင့် ဖျက်ဆီးသူကား ဒွန်တွဲလျက်ရှိပေမည်။ ဖျက်ဆီးသူတို့၏ နိဂုံးအဆုံးသတ်သည် ပျက်စီးဆုံးရှုံးမှုကိုသာပိုင်ဆိုင်ရပြီး တည်ဆောက်ပြုပြင်သူတို့မှာ ကောင်းမွန်ခိုင်မြဲမှုကို ပိုင်ဆိုင်ကြစမြဲဖြစ်၏။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် **ရင်ထဲမှ စိတ်ရင်းစေတနာ အမှန်တရား** တစ်ခုဖြစ်သည့် ပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်ရေးကို အစဉ်ရှေးရှုဆောင်ရွက်နေခြင်းကြောင့် အနာဂတ်တွင် ကောင်းမွန်မှုသမိုင်းကြောင်းတို့ဖြင့် မော်ကွန်းတင်ရစ်ပေမည်ဟု ယုံကြည်မိပါတော့၏။ ။

# ၂၀၂၄ ခုနှစ်တွင် စေ့ရောက်သည့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစတင်ကာ လုပ်ငန်းအဆင့်(၄)ဆင့်ဖြင့် ကောက်ယူမည်

**နေပြည်တော် စက်တင်ဘာ ၂၃**
၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းသုံးသပ်တင်ပြခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် နိုင်ငံတော်အစိုးရက ခွင့်ပြုထားမှု၊ ယခင်ပြဋ္ဌာန်းထားသည့် ၂၀၁၃ ခုနှစ်၊ သန်းခေါင်စာရင်းဥပဒေအခြေအနေနှင့် ဆက်လက်အသုံးပြုဆောင်ရွက်နိုင်မည့် နည်းလမ်း၊ ၂၀၁၄ ခုနှစ်နောက်ပိုင်း ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူရန်လိုအပ်မှု၊ သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ်လိုအပ်သည်များ ပြန်လည် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး လက်ရှိနိုင်ငံတော်အစိုးရတာဝန်ယူစဉ်ကာလအတွင်း လုပ်နိုင်သမျှ လုပ်ငန်းစဉ်များကို အတတ်နိုင်ဆုံးဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လုပ်ငန်းအချိန်ဇယားနှင့်အညီ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းအဆင့်အလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျ သုံးသပ်ဆွေးနွေးကာ လုပ်ငန်းလျာထားချက်များ၊ လိုအပ်သည့် လူအင်အား၊ နည်းပညာနှင့် စက်ကိရိယာအင်အားများကို အသေးစိတ်တွက်ချက်၍ လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့အင်အားဦးစီးဌာနရှိ လူဦးရေသတင်းအချက်အလက်နှင့် ဖွံ့ဖြိုးရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ မှတ်တမ်းခန်း၌ ထုတ်ပြန်ပြီးဖြစ်သော သန်းခေါင်စာရင်းမှတ်တမ်းစာအုပ်များ ထိန်းသိမ်းထားရှိမှု၊ GIS စနစ်ဖြင့် ကောက်ကွက်မြေပုံရေးဆွဲထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ သန်းခေါင်စာရင်းစာကြည့်တိုက်၌ စာအုပ်စာစောင်များ စုဆောင်းထားရှိမှုနှင့် ရုံးခန်းများအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ **(အပေါ်ယာပုံ)** တာဝန်ရှိသူများ၏လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်အဆင့်



သန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကျော်ကြာ ၂၀၁၄ ခုနှစ်တွင် အောင်မြင်စွာကောက်ယူနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အခြေခံအချက်အလက်များအဖြစ် အသုံးပြု ဆောင်ရွက်လျက်ရှိသည်။ သန်းခေါင်စာရင်းကို ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူရန်လျာထားရာ ၂၀၂၄ ခုနှစ်တွင် စေ့ရောက်သည့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ယခင်အတွေ့အကြုံများအပေါ်အခြေခံ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစတင်ကာ လုပ်ငန်းအဆင့်(၄) ဆင့်ဖြင့် ကောက်ယူမည်ဖြစ်သည်။ လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လုပ်နိုင်သမျှ အကောင်အထည်ဖော် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းစစ်၊ စာရင်းကောက်အင်အား ၄၂၀၀၀ ခန့်သည် ကောက်ကွက်ပေါင်း ၁၁၀၀၀၀ ကို CAPI စနစ် Mobile Phone/ Tablet အသုံးပြုကောက်ယူနိုင်ရေး အသေးစိတ် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များအား ဆန်၊ ဆီ၊ ပဲနှင့် ကြက်သွန်နီများ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိဘာသာရေးအသင်းအဖွဲ့များအား ဆန်၊ ဆီ၊ ပဲနှင့် ကြက်သွန်နီများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန္တလေးတိုင်းခရိုင် အတွင်းရှိ ဘာသာရေးအဖွဲ့ ၃၅ ဖွဲ့အတွက် ဆန် ၃၅၄ အိတ်၊ ဆီ ၇၀၇ ပိဿာ၊ ကုလားပဲ ၇၀၇ ပိဿာနှင့် ကြက်သွန်နီ ၇၀၇ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ရာ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**
ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန် အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြား လူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက် ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအား သွားရောက်ကြည့်ရှု၍**(အောက်ပုံ)** တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နေရပ်စွန့်ခွာစခန်းများသို့ လက်ဆေးကန်နှင့် ဆေးများကူညီပေးအပ်

**သီပေါ စက်တင်ဘာ ၂၃**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် နေရပ်စွန့်ခွာစခန်းများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်ပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် ပရဟိတနှင့် လူမှုကူညီရေးအသင်းများက ကျေးရွာအရောက် သွားရောက် ပံ့ပိုးကူညီခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယူနီဆက်မှပံ့ပိုးသော လက်ဆေးကန်၊ ကာဘော်လစ်ဆပ်ပြာနှင့် ရေသန့်စင်ဆေးများကို သီပေါအမျိုးသမီးကွန်ရက်မှ ဒေါ်ခင်နှင်းဆီနှင့်အဖွဲ့က ကျောက်မဲမြို့နယ် မန်ခါ၊ မန်ဝိန်း၊ မန်ပင့်၊ မိုင်းငေါ့၊ နမ့်စွန်၊ တာလုံစသည့် နေရပ်စွန့်ခွာစခန်းများသို့ သွားရောက် ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မိုင်းပျဉ်းမြို့၌ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီး

**မိုင်းပျဉ်း စက်တင်ဘာ ၂၃**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပြင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အာစီနှစ်ထပ်ကျောင်းဆောင်သစ်ကို ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀ ၊ အနံ ပေ ၃၀ ရှိ အာစီနှစ်ထပ်အမျိုးအစားဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁၉ ဒသမ ၂၆၇ သန်းဖြင့် အရှေ့ဘက် ကျိုးတုံ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

❂ *ကျောဖုံးမှ*


ပေးရေးအတွက် လမ်းညွှန်ချက်များ ခံယူ လုပ်ဆောင်ခဲ့ကြောင်း၊ တရားခံပြေး ဇော်ဝေစိုး၏ လမ်းညွှန်ချက်နှင့် အထောက်အပံ့များကို ရယူကာ ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ အကြမ်းဖက် CDF အဖွဲ့များ၏ လက်နက်ကိုင် သောင်းကျန်းမှုများတွင် ဆေးဝါး ကုသပေးခြင်း၊ ယာယီဆေးခန်းနှင့် ယာယီခွဲစိတ်ခန်း (OT)ကို ဆောက်လုပ် ကုသပေးခြင်းဖြင့် အဆိုပါ အကြမ်းဖက်အဖွဲ့များအား အထောက်အကူပြုပေးနေကြောင်း၊ ပြည်တွင်း/ပြည်ပ အလှူရှင်များထံမှ အလှူခံ၍ ရရှိလာသော ငွေများဖြင့် လက်နက်နှင့် ဆေးပစ္စည်းများ ဝယ်ယူကာ အကြမ်းဖက် CDF အဖွဲ့အား ပံ့ပိုးနေကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ လက်နက်/ခဲယမ်းနှင့် ဆေးပစ္စည်းများ မင်းတပ်မြို့သို့ ပို့ဆောင်ပေးနိုင်ရန် အေးငြိမ်းသူ၏ စေခိုင်းချက်အရ တရားခံ ကျော်ဌေးနှင့် ကျော်ကျော်ထွန်းတို့သည် ပခုက္ကူမြို့ တာဝန်ခံအဖြစ် လည်းကောင်း၊ မပန်းဝေသည် ပေါက်မြို့တာဝန်ခံအဖြစ် လည်းကောင်း၊ ဇော်နိုင်ဝင်းသည် ကျောက်ထု/ဆော တာဝန်ခံအဖြစ်

**ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ အကြမ်းဖက် CDF အဖွဲ့ထံသို့ ငွေကြေး၊ လက်နက်/ခဲယမ်းနှင့် ဆေးဝါးပစ္စည်း ထောက်ပံ့နေသူများအား ဖမ်းဆီးရမိမှု Diagram**




ချင်းပြည်နယ် မင်းတပ်မြို့ရှိ အကြမ်းဖက် CDF အဖွဲ့ထံသို့ ဆေးဝါးနှင့် ဆေးပစ္စည်းများအား ထောက်ပံ့ပို့ဆောင်ရာ လမ်းကြောင်းပြမြေပုံ




လည်းကောင်း၊ ဘချစ်သည် မင်းတပ်တာဝန်ခံအဖြစ်လည်းကောင်း အသီးသီး တာဝန်ခွဲဝေ၍ ပို့ဆောင်ခဲ့ကြကြောင်း သိရှိရသည်။

သယ်ယူပို့ဆောင်ရာ၌ ရန်ကုန်နှင့် မန္တလေးရှိတာဝန်ခံတစ်ဦးစီမှ ရွှေမန္တလာ၊ ကြယ်စင်မိုး၊ ရောဝတီယာဉ်လိုင်းများဖြင့် ပခုက္ကူသို့ ပို့ဆောင်ခဲ့ကြောင်း၊ ပခုက္ကူသို့ ရောက်ရှိပြီးပါက Double Cab (လိုင်စင်မဲ့) ယာဉ်ဖြင့် ပခုက္ကူ-ကမ္မ-ပေါက်-ကျောက်ထု- မင်းတပ် လမ်းကြောင်းအတိုင်း အဆင့်ဆင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း၊ ဇူလိုင်မှ စက်တင်ဘာအတွင်း လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးပစ္စည်းများ သယ်ယူမှု (၅)ကြိမ် ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် လုပ်ဆောင်နေသည့် ချင်းပြည်နယ် မင်းတပ်မြို့ရှိ CDF အဖွဲ့ထံသို့ လက်နက်ခဲယမ်း၊ ငွေကြေး၊ ဆေးနှင့် ရိက္ခာပစ္စည်းများ ထောက်ပံ့ပို့ဆောင်နေသော ကျော်ဌေးအပါအဝင် သုံးဦးတို့ကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး တည်ငြိမ် အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ပွဲအစပိုင်းမိနစ်များတွင် ဝက်စ်ဟမ်းအသင်းအနေဖြင့် မန်ယူအသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလည်သည်နှင့်အမျှ မန်ယူအသင်းကသာ ဖိအားပေးကစားနိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ကိုးမိနစ်တွင် ရရှိခဲ့ပြီး လန်ဇီနီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် မန်ယူအသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ဂရွန်ဆင်၊ ဒီအော့ပ်၊ ဒေါ်ဆင်၊ အရီအိုလာတို့ဖြင့် ပွဲထွက်လာခဲ့သည့် ဝက်စ်ဟမ်းအသင်း၏ ခံစစ်မှ ရှင်းထုတ်ပုံကောင်းမွန်မှု၊ ဝက်စ်ဟမ်းအသင်း ဂိုးသမား အရီအိုလာ လက်စွမ်းပြ ကာကွယ်နိုင်မှုနှင့် မန်ယူအသင်းမှ တိုက်စစ်ကစားသမားများ အဆုံးသတ်မသေချာမှုတို့ကြောင့် ချေပဂိုးနှင့် ဝေးခဲ့ရခြင်း ဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း မန်ယူအသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် အများအပြားရရှိခဲ့သည်။ သို့သော်လည်း တိုက်စစ်တွင် ပွဲထွက်ခွင့်ရရှိလာခဲ့သည့် မာရှယ် နေရာယူ မမှန်မှု၊ အပိုင်အခွင့်အရေးများ လွဲချော်ခဲ့မှုများကြောင့် လိုအပ်သည့် ချေပဂိုးနှင့် ဝေးကွာခဲ့ရပြီး ကာရာဘောင်ဖလားပြိုင်ပွဲမှ စောစီးစွာထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၅ ရက်တွင် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဝက်စ်ဟမ်းအသင်းက အဆိုပါရက်တွင် လိဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က ဆွမ်ဆီးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အာဆင်နယ်က ဝင်ဘယ်ဒန်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ လက်စတာအသင်းက မီဝေါလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သလို စပါးအသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် ဝုဖ်ကို သုံးဂိုး-နှစ်ဂိုး၊ ချယ်ဆီးအသင်းက ဗီလာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ကာရာဘောင်ဖလားပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မရမ်းကုန်းနှင့် မြောက်ဒဂုံတွင် ဖောက်ခွဲမှု(၁)ကြိမ်နှင့် လုပ်ကြံသတ်ဖြတ်မှု (၃)ကြိမ် ကျူးလွန်ခဲ့သူများကို ဖမ်းမိ အကြမ်းဖက်အဖွဲ့အစည်း NUG က အသက်မပြည့်သေးသောလူငယ်များကို ဝါဒမှိုင်းတိုက်ခိုင်းစေခဲ့ခြင်းဖြစ်

နေပြည်တော် စက်တင်ဘာ ၂၃

**၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၉ ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဓမ္မာရုံရှေ့၌ ရပ်တန့်ထားသော ယာဉ်အမှတ် BGO 6R/8847၊ Spark (အဖြူရောင်) ယာဉ်အား မသင်္ကာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ စက်တင်ဘာ ၁၃ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၉) ရပ်ကွက်၊ ဆယ်အိမ်မှူး ဦးနိုင်လင်းကို လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်သည့် တရားခံများဖြစ်သော ဟိန်းထက်အောင်(ခ)ဈာန်ရဲ(၁၉)နှစ်၊ သန့်ဇင်(၁၆)နှစ်နှင့် အောင်ကိုဦး (၁၆)နှစ်တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်အတွင်း အောင်အောင်ဦး (၂၁)နှစ်၊ ငြိမ်းချမ်းဖြိုး(ခ)ချမ်းဖြိုး(၂၁)နှစ်၊ အောင်ကိုထွေး(ခ)ဘာဘူ(၁၉)နှစ်၊ ခန့်သူရိန် (၁၆)နှစ်နှင့် ကြယ်စင်နှင်းဝေ (ခ) ကြယ်စင်(၁၄)နှစ်တို့ကိုလည်းကောင်း၊ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် အလယ်ဗဟိုလမ်း အမှတ်(၃၉၃)တွင် ဝေယံဖြိုး (၁၇)နှစ်ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

စက်တင်ဘာ ၂၁ ရက်တွင် ဖမ်းဆီးရမိတရားခံ ဟိန်းထက်အောင်၊ ဝေယံဖြိုး၊ သန့်ဇင်၊ ကြယ်စင်နှင်းဝေ၊ အောင်အောင်ဦးနှင့် ငြိမ်းချမ်းဖြိုးတို့၏ နေအိမ်များအား ရှာဖွေစစ်ဆေးခဲ့ရာ ယူနီဖောင်း ငါးစုံ၊ ဦးထုပ်နှစ်လုံး၊ စစ်ဖိနပ် သုံးရန်၊ Vest လေးထည်၊ ဖိုက်ဘာဦးထုပ် နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံများ ဖမ်းဆီးရမိမှုအနေဖြင့် ကျား ရှစ်ဦး၊ မ တစ်ဦး၊ ပေါင်း ကိုးဦး ဖမ်းဆီးရမိခဲ့ပြီး ယူနီဖောင်း ငါးစုံ၊ ဦးထုပ်နှစ်လုံး၊ စစ်ဖိနပ် သုံးရန်၊ Vest လေးထည်၊ ဖိုက်ဘာဦးထုပ် နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၁ ရက်တွင် အာကာ (ဖမ်းဆီးရန်ကျန်) ဆိုသူနှင့် ချိတ်ဆက်ကာ ဒလန်ရှင်းလင်းရေးနှင့် အကြမ်းဖက် ဖောက်ခွဲခြင်းများ ပြုလုပ်ရန် Freedom Fighters Force–Mayangone အဖွဲ့ကို ဟိန်းထက်အောင် (အဖွဲ့ခေါင်းဆောင်)၊ အောင်အောင်ဦး (F–1)၊ အောင်ကိုဦး (F–2)၊ ငြိမ်းချမ်းဖြိုး (F–3)၊ သန့်ဇင် (F–4)၊ လူကာ (F–5) (ဖမ်းဆီးရန်ကျန်)၊ ကိုထက် (F–6) (ဖမ်းဆီးရန်ကျန်)၊ အောင်ကိုထွေး(F–7)၊ ဝေယံဖြိုး (F–8)၊ ကြယ်စင်နှင်းဝေ (F–9)၊ ဟိန်းလတ် (F–10) (ဖမ်းဆီးရန်ကျန်)၊ ခန့်သူရိန် (F–11)၊ သူရရှင်း (F–12) (ဖမ်းဆီး ရန်ကျန်) တို့နှင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများမှ လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်မှုအနေဖြင့် ဇူလိုင် ၂၅ ရက်တွင် ဟိန်းထက်အောင်၊ သန့်ဇင်နှင့် ဝေယံဖြိုးတို့က မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်သို့ သွားရောက်ခဲ့ပြီး ဟိန်းထက်အောင်(ခ)ဈာန်ရဲက အပြစ်မဲ့ပြည်သူ ဦးမိုးကျော်စိုးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း၊ ဩဂုတ် ၁ ရက်တွင် ဟိန်းထက်အောင်၊ သန့်ဇင်၊ အောင်အောင်ဦးနှင့် ငြိမ်းချမ်းဖြိုးတို့က မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ရစဖရုံးသို့ သွားရောက်ခဲ့ပြီး ငြိမ်းချမ်းဖြိုးနှင့် အောင်အောင်ဦးတို့က လက်ပစ်ဗုံး နှစ်လုံးကို ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ဦးညာဏ်လှိုင်၊ ဦးနန်းဝင်း၊ ဦးသိန်းလွင်နှင့် မသီရိသော်တို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ စက်တင်ဘာ ၁၁ ရက်တွင် ဟိန်းထက်အောင်၊ အောင်ကိုဦး၊ ခန့်သူရိန်နှင့် အောင်ကိုထွေးတို့က မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ပန်းတစ်ရာ လက်ဖက်ရည်ဆိုင်သို့ သွားရောက်ခဲ့ပြီး အောင်ကိုဦးက လက်ဖက်ရည် သောက်နေသော အပြစ်မဲ့ ပြည်သူ ဦးစိန်သောင်းကို သေနတ်ဖြင့် လေးချက်ပစ်ခတ်ခဲ့သဖြင့် ဦးစိန်သောင်းတွင် (စိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ကြောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဟိန်းထက်အောင်၊ အောင်ကိုဦး၊ အာကာ (ဖမ်းဆီးရန်ကျန်)နှင့် သန့်ဇင်တို့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်သို့ သွားရောက်ခဲ့ပြီး သန့်ဇင်က အပြစ်မဲ့ပြည်သူ ဦးနိုင်လင်းကို သေနတ်ဖြင့် ခြောက်ချက်ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများအနေဖြင့် ဖောက်ခွဲဖျက်ဆီးမှု (၁)ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှု (၃)ကြိမ်တို့ ကျူးလွန်ခဲ့သူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများသည် လှိုင်တက္ကသိုလ်နယ်မြေ၊ အုန်းတောဆောင် အနီးတွင် အကြမ်းဖက်နှင့် ဖောက်ခွဲရေး သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



အသက်မပြည့်သေးသည့်လူငယ်များအား ဝါဒမှိုင်းတိုက်၍ အကြမ်းဖက်မှုများကျူးလွန်ရန်ခိုင်းစေခဲ့သည့် NUG မှ ရည်မွန်



အသက်မပြည့်သေးသည့် လူငယ်များအား ဝါဒမှိုင်းတိုက်၍ အကြမ်းဖက်မှုများ ကျူးလွန်ရန်ခိုင်းစေခဲ့သည့် NUG မှ ဇော်ဝေစိုး

ဖမ်းဆီးရမိ တရားခံများသည် လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုသည့် သေနတ်နှင့် လက်ပစ်ဗုံးများအား NUG နှင့် ချိတ်ဆက်ဆောင်ရွက်သည့် အာကာ (ဖမ်းဆီးရန်ကျန်)ထံမှ ရယူဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အကြမ်းဖက် အဖွဲ့အစည်းဖြစ်

*စာမျက်နှာ ၁၁ သို့*

**အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ အသက်မပြည့်သေးသော လူငယ်များအား ဝါဒမှိုင်းတိုက်၍ ခိုင်းစေမှုကြောင့် အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု**



ဟိန်းထက်အောင်
(ခ)ဈာန်ရဲ(၁၉)နှစ်
အဖွဲ့ခေါင်းဆောင်



အောင်အောင်ဦး(၂၁)နှစ်
(F–1)



အောင်ကိုဦး(၁၆)နှစ်
(F–2)



ငြိမ်းချမ်းဖြိုး(၂၁)နှစ်
(F–3)



သန့်ဇင်(၁၆)နှစ်
(F–4)



အောင်ကိုထွေး(၁၉)နှစ်
(F–7)



ဝေယံဖြိုး(၁၇)နှစ်
(F–8)



ကြယ်စင်နှင်းဝေ(၁၄)နှစ်
(F–9)



ခန့်သူရိန်(၁၆)နှစ်
(F–11)

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃** ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များက အဆိုပါမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။ တွေ့ဆုံစဉ် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ အသီးသီး ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် မွန်ပြည်နယ် ရေးမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်များအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် ကိုဗစ်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တိုင်းမှူး ဗိုလ်ချုပ် အောင်အောင် အိမ်မဲမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်(အရည်) တင်သွင်းလာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၃** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ မြဝတီနှင့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ငါးခုမှ ယာဉ်စီးရေ ၁၀ စီးဖြင့် အောက်ဆီဂျင် (ခတ်ငွေ့) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် (အိုးခွံ) ၃၄၆၀၊ Oxygen Plant တစ်ခု၊ အိမ်သုံး Oxygen Concentrator ၁၀၅ ခုနှင့် နှာခေါင်းစည်း(Mask) ၄၃ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (ခတ်ငွေ့) Bowser ယာဉ်တစ်စီးမှာ ပဲခူးမြို့သို့ဖြစ်ပြီး Oxygen Plant တစ်ခုမှာ မူဆယ်မှ ဟားခါးမြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာစဉ်။

*စာမျက်နှာ ၁၀ မှ*

သည့် NUG မှ ရည်မွန်နှင့် ဇော်ဝေစိုးတို့အနေဖြင့် အသက်မပြည့်သေးသည့် လူငယ်များကို ဝါဒမှိုင်းတိုက်၍ ခိုင်းစေခဲ့သောကြောင့် လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲကာ အကြမ်းဖက်ဖောက်ခွဲမှုများနှင့် လုပ်ကြံသတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



မရမ်းကုန်းမြို့နယ် သမိုင်း (၁) ရပ်ကွက်ရှိ နေအိမ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို တွေ့ရစဉ်။



ဩဂုတ် ၁ ရက်တွင် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ရစဖရုံး၌ လက်လုပ်မိုင်းပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။

# ပျူခေတ် အမျိုးသား၊ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထား လေ့လာမှတ်သားနိုင်စေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **ပျူခေတ် အမျိုးသား/ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့်** အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၂၀၀ ကျပ်တန်) (၂) မျိုးကို စက်တင်ဘာ (၂၇)၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ **တော်သလင်းလပြည့်ကျော် (၇) ရက် နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **စက်တင်ဘာ (၂၇)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။

ဆက်လက်၍လည်း ပုဂံခေတ်နှင့် အင်းဝခေတ် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**









# (၄၄) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီး ဌာနက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၄၄)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေများကို ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် အမှုဆောင်များက လက်ခံရယူကြပြီး နာယကကြီးများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ လှူဒါန်းရရှိသော ငွေကျပ်သိန်း ၁၀၀ ကို အသက် ၇၀ နှစ်နှင့်အထက် သက်ကြီး ရုပ်ရှင်ပညာရှင် ၁၄၉ ဦးအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး စီစဉ်မှုဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်သက်ကြီး ပူဇော်ပွဲကို မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ်ဖြစ်သော အောက်တိုဘာ ၁၃ ရက်တွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**FDC**

## သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။


# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာ ၁၈ ရက် (စနေနေ့)က ထုတ်ဝေသည့် ရွှေသွေးဂျာနယ်တွင် ပိုးနားသန်ကောင်ကြီး စီး၍ အပျော်ခရီးထွက်ခဲ့ကြသည့် တောတွင်းတိရစ္ဆာန်လေးများ၏ လမ်းတွင်းကြုံတွေ့ခဲ့ရသော အခက်အခဲများကို တက်ညီလက်ညီ ဖြေရှင်းကြကာ လိုရာခရီးကို ရောက်သွားပုံအကြောင်း ဆရာမ သီရိက အတုယူဖွယ်ရေးဖွဲ့ထားပြီး ကာတွန်းမောင်မောင်လေး ရေးဆွဲထားသည့် "ရထားနီကြီး ပျော်ပျော်စီး" မျက်နှာဖုံးဇာတ်လမ်း၊ လူတို့၏ ကျန်းမာရေးအတွက် စားသုံးပေးသင့်သော ထောပတ်သီးတွင် ပါဝင်သည့် အာဟာရဓာတ်များအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ကျန်းမာရေးအတွက် အထောက်အပံ့ကောင်းဖြစ်စေသည့် ထောပတ်သီး" သုတဆောင်းပါး၊ မြန်မာစကားပုံများကို ကလေးများလေ့လာနိုင်ရန် တင်ဆက်ထားသည့် "ရှစ်စပ်က လည်သည့်လူ" စကားပုံ၊ မိမိ၏ ထင်မြင်ယူဆချက်ကြောင့် သူတစ်ပါး၏ စေတနာကို အပြစ်မြင်မိပုံကို သတိပြုဆင်ခြင်ဖွယ် တင်ဆက်ထားသည့် "အထင်မှား" နှစ်မျက်နှာကာတွန်း၊ မိမိဘဝအတွက် အသက်မွေးဝမ်းကျောင်းပြုရာ၌ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ပျက်စီးစေမည့်ကိစ္စရပ်များ မပြုလုပ်သင့်ပုံကို ပညာပေးတင်ဆက်ထားသည့် ဆရာမောင်ဇော်လတ်(ကျေးတောမြေ)၏ "ရောင့်ရဲတတ်ပါ" ပုံပြင်၊ သူ၏မောင်လေးကို သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိဘဲ မယူရန် ဆုံးမနေသော ဖူးဖူးနှင့် ဖြတ်ထိုးဉာဏ်ကောင်းသော ပြူးကျယ်တို့မောင်နှမ အကြောင်းကို တင်ဆက်ထားသည့် ကာတွန်းကိုသန့်၏ "ဖူးငယ်နှင့် ပြူးကျယ်" နှစ်မျက်နှာကာတွန်း၊ နာမ်စား (Pronoun) များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**







# ရွှေတောင်ပံအငြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

အများပြည်သူပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ "ရွှေတောင်ပံအငြိမ့်" ဖျော်ဖြေပွဲကို စက်တင်ဘာ ၂၅ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လုံမေပျိုမှစီစဉ်ပြီး စံပတ္တနိုင်မင်းစိုး(ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဝေဖူးနွယ်၊ ရှေ့ထွက်မင်းသမီး ငုဝါပွင့်၊ လူရွှင်တော်များဖြစ်ကြသည့် ဓာတ်လင်း၊ ဥသြ၊ မိုးဖြူနှင့် ရန်နိုင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

**သတင်းစဉ်**

# အမေရိကန်နှင့် ပြင်သစ်သမ္မတ နှစ်ဦး ရေငုပ်သင်္ဘော သဘောတူညီချက်ကိစ္စ ဖုန်းဖြင့်ဆွေးနွေး



အိမ်ဖြူတော်ရုံးခန်းတွင် ဖုန်းပြောနေသော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

ပါရီ စက်တင်ဘာ ၂၃

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ပြင်သစ်နိုင်ငံနှင့် ရေငုပ်သင်္ဘောကိစ္စ ဆွေးနွေးတိုင်ပင်ရန် သဘောတူပြီးနောက် ပြင်သစ်သမ္မတ အီမန် နျူရယ်မက်ခရွန်သည် ၎င်း၏သံအမတ်ကြီးကို အမေရိကန်ပြည်ထောင်စုသို့ လာမည့်သီတင်းပတ်တွင် ပြန်လည်စေလွှတ်မည်ဖြစ်သည်။**

ဩစတြေးလျကို အကျိုးသက်ရောက်မှု ဖြစ်စေပြီး ပြင်သစ်နှင့် သဘောတူညီထားသည့် အဓိက ရေငုပ်သင်္ဘောသဘောတူညီမှုကို ပျက်ပြားစေမည့် လုံခြုံရေး သဘောတူညီမှုမူဘောင်သစ်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် လွန်ခဲ့သောသီတင်းပတ်က ပြင်သစ်က ၎င်း၏ သံအမတ်များကို အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ပြန်လည်ဆင့်ခေါ်ခဲ့သည်။

အမေရိကန်ဘက်က တောင်းဆိုမှုကြောင့် စက်တင်ဘာ ၂၂ ရက်တွင် မက်ခရွန်နှင့် ဘိုင်ဒင်တို့သည် ဖုန်းဖြင့်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပြီးနောက် ထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက်တွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ပြင်သစ်နှင့် ဥရောပ မိတ်ဖက်များကြား မဟာဗျူဟာဆိုင်ရာ အကျိုးစီးပွားကိစ္စနှင့် ပတ်သက်ပြီး မဟာမိတ်နိုင်ငံများကြား ပွင့်လင်းစွာဆွေးနွေးတိုင်ပင်ခြင်းမှ အကျိုးကျေးဇူးရရှိရန် သဘောတူခဲ့ကြသည်။

အဆိုပါကြေညာချက်တွင် ဘိုင်ဒင်က ဤအရေးနှင့် ပတ်သက်ပြီး မိမိ၏ဆက်လက်လုပ်ဆောင်သွားမည့် ကတိကဝတ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ယုံကြည်မှုရရှိစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အများသဘောတူရည်ရွယ်ချက်ကို ရေးရှုပြီး လက်ဆုပ်လက်ကိုင်ပြနိုင်သော ဆောင်ရွက်ချက်များကို အဆိုပြုသွားမည်ဖြစ်သည်။

၎င်းတို့သည် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်ရန် အောက်တိုဘာလကုန်တွင် ဥရောပ၌ တွေ့ဆုံကြမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယ-အမေရိကန်များက အမေရိကန်သို့ ရောက်ရှိလာသော ဝန်ကြီးချုပ်မိုဒီကို ကြိုဆို

## အိန္ဒိယနွယ်ဖွား ရွှေ့ပြောင်းနေထိုင်သူများသည် မိမိတို့၏ခွန်အားများဖြစ်သည်ဟု မိုဒီချီးကျူး

**ဝါရှင်တန်ဒီစီ စက်တင်ဘာ ၂၃**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ အန်းဒရူး လေတပ်အခြေစိုက်စခန်းသို့ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် အိန္ဒိယနွယ်ဖွား အမေရိကန် ရွှေ့ပြောင်းနေထိုင်သူများက ကြိုဆိုခဲ့ကြသည်။



မိုဒီကို ကြိုဆိုကြသူများကို တွေ့ရစဉ်။

မိုဒီက ၎င်းအား နွေးထွေးစွာ ကြိုဆိုခဲ့သည့် ဝါရှင်တန်ဒီစီရှိ အိန္ဒိယနွယ်ဖွား အမေရိကန် အသိုင်းအဝိုင်းကို ကျေးဇူးတင်ကြောင်း ပြောသည်။ အိန္ဒိယနွယ်ဖွား ရွှေ့ပြောင်းနေထိုင်သူများသည် မိမိတို့၏ ခွန်အားများဖြစ်ကြောင်း၊ ၎င်းတို့သည် ကမ္ဘာပေါ်တွင် မည်သည့်ရွှေ့မည်မျှ ထင်ရှားကျော်ကြားသည်ကို ပြသခြင်းဖြစ်ကြောင်း မိုဒီက ချီးကျူးလိုက်သည်။

လေကြောင်းခရီးရှည် သွားရသည့်တစ်လျှောက် မိုဒီသည် လေယာဉ်ပေါ်တွင် ဖိုင်တစ်ထပ်နှင့် အလုပ်ရှုပ်လျက်ရှိကြောင်းကို တွစ်တာပေါ်တွင် တင်ထားသော ပုံများတွင် တွေ့မြင်နိုင်သည်။

၂၀၁၄ ခုနှစ် ဝန်ကြီးချုပ်ရာထူး ရရှိပြီးနောက် ခုနစ်ကြိမ်မြောက် အမေရိကန်ခရီးစဉ်တွင် ၎င်းကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိများနှင့် အမေရိကန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့က လာရောက်ကြိုဆိုခဲ့ကြသည်။

၎င်း၏ အမေရိကန်ခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ၎င်း၏ လက်ထောက် ကာမလာဟားရစ်နှင့် ပထမဆုံး တွေ့ဆုံသွားမည်ဖြစ်ကြောင်း မိုဒီက ပြောသည်။

ထို့အပြင် မိုဒီသည် ပွဲဦးထွက် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ လေးနိုင်ငံ လုံခြုံရေး ဆွေးနွေးဖက်အဖွဲ့(ကွဒ်) အစည်းအဝေးကိုလည်း တက်ရောက်မည်ဖြစ်ပြီး နယူးယောက်တွင်ပြုလုပ်မည့် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကိုလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ခရီးစဉ်သည် အင်ဒို-အမေရိကန်ဘက်စုံ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို တိုးတက်အောင်မြင်ရန် အခွင့်အလမ်းဖြစ်သလို ဂျပန်နှင့် ဩစတြေးလျနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း တောင့်တင်းခိုင်မာစေမည် ဖြစ်သည်။ **အိန္ဒိယတုဒေး**

## အရှေ့အာဖရိက၌ ဆေးယဉ်ပါးငှက်ဖျားပိုး ပျံ့နှံ့နေသည်ကိုတွေ့ရှိ

**လန်ဒန် စက်တင်ဘာ ၂၃**

အရှေ့အာဖရိကတွင် လျင်မြန်စွာကူးစက်ပျံ့နှံ့နေသော ငှက်ဖျားရောဂါသည် ၎င်းကိုကုသရာတွင် အစွမ်းထက် အထိရောက်ဆုံးဖြစ်သည့် ဆေးတစ်မျိုးကို ခုခံကာကွယ်နိုင်စွမ်းရှိကြောင်း နိုင်ငံတကာသုတေသီအဖွဲ့တစ်ဖွဲ့က တွေ့ရှိခဲ့သည်။

ခြင်မှတစ်ဆင့် သယ်ဆောင်လာသော အမီးဘားကြောင့် ဖြစ်ပေါ်လာသည့် ငှက်ဖျားရောဂါသည် အဓိကကူးစက်မှုကို ဖြစ်ပွားစေသည့် အခြားအဆုတ်ရောင်ရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါများကဲ့သို့ ကြောက်စရာကောင်းသော ရောဂါတစ်ခုဖြစ်သည်။ နှစ်စဉ် ကမ္ဘာတစ်ဝန်းရှိ လူပေါင်း သန်း ၂၀၀ ကျော် ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားပြီး ၎င်းတို့အနက် လူပေါင်း လေးသိန်းကျော် သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည်။ အဆိုပါ နိုင်ငံတကာသုတေသီအဖွဲ့တွင် ပါဝင်သော ဂျပန်နိုင်ငံ၏ ဂျွန်တန်ဒိုတက္ကသိုလ်နှင့် ယူဂန္ဓာ၏ ဂူလူတက္ကသိုလ်မှ သုတေသီများသည် ယူဂန္ဓာတွင် ဆေးယဉ်ပါး ငှက်ဖျားပိုးများ ပျံ့နှံ့နေသည်ကို တွေ့ရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဘရာဇီးသမ္မတ ဘော်စွန်နာရို ကိုဗစ်သီးသန့် ကန့်သတ်မှုပြုလုပ်

**ဘရာစီးလီးယား စက်တင်ဘာ ၂၃**

ဘရာဇီးသမ္မတ ဂျာဘော်စွန်နာရိုသည် ကုလသမဂ္ဂမှပြန်ရောက်ပြီးနောက် စက်တင်ဘာ ၂၂ ရက်တွင် နေအိမ်၌ ကိုဗစ်သီးသန့်ကန့်သတ်စောင့်ကြည့်မှုပြုလုပ်နေပြီး ခရီးစဉ်ကိုလည်း ဖျက်သိမ်းလိုက်သည်။

ဘရာဇီးသမ္မတ ဂျာဘော်စွန်နာရိုသည် ၎င်းနှင့်အတူလိုက်ပါလာသော ကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိပြီး နယူးယောက်တွင် သီးသန့်ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်ပြီးနောက် ယခုလို သီးသန့်ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ဘရာဇီးကျန်းမာရေးထိန်းချုပ်ကွပ်ကဲရေး အာဏာပိုင်အန်ဗီဇာက ကုလသမဂ္ဂအထွေထွေညီလာခံဆိုင်ရာ သမ္မတ၏ကိုယ်စားလှယ်အားလုံး သီးသန့်စောင့်ကြည့်မှု ပြုလုပ်ရမည်ဖြစ်ပြီး စစ်ဆေးမှုများ ပိုမိုခံယူရမည်ဖြစ်ကြောင်း အကြံပြုပြောကြားခဲ့သည်။ ဘော်စွန်နာရို၏ စက်တင်ဘာ ၂၂ ရက် ဆွေးနွေးပြောကြားမှုကိုလည်း အဝေးမှတက်ရောက်နိုင်သော အစည်းအဝေးစနစ်သို့ ပြောင်းလဲလိုက်သည်။ **အေအက်ဖ်ပီ**

## ရာသီဥတုဆိုင်ရာဆောင်ရွက်ချက်များကို တာဝန်သိသိလုပ်ကိုင်ကြရန် ဂျွန်ဆင် တိုက်တွန်း



**လန်ဒန် စက်တင်ဘာ ၂၃**

လူသားမျိုးနွယ်များသည် ကမ္ဘာကြီးပူနွေးလာမှုကို ဆန့်ကျင်တိုက်ဖျက်ရာတွင် အရေးကြီးသော အပြောင်းအလဲကို ရောက်နေပြီဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားခဲ့သည်။ တာဝန်သိသိ ဆောင်ရွက်လုပ်ကိုင်ကြရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။

နိုဝင်ဘာလတွင် အင်္ဂလန်က လက်ခံကျင်းပမည့် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာညီလာခံမတိုင်မီ ဂျွန်ဆင်က ကမ္ဘာ့ခေါင်းဆောင်များကို စက်တင်ဘာ ၂၁ ရက်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

Glasgow COP 26 ဆွေးနွေးပွဲသည် အပြောင်းအလဲတစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့သည် သင်ယူနိုင်စွမ်း ရှိသူများဖြစ်ကြောင်း၊ ရင့်ကျက်သူများဖြစ်ကြောင်း၊ ကမ္ဘာကြီးပေါ်မှာသာမက မိမိတို့အပေါ်ပါ ထိခိုက်စေသည့် အဖျက်အမှောင့် လုပ်ရပ်များအတွက် တာဝန်ယူနိုင်မှုတို့ကို ပြသရမည်ဖြစ်ကြောင်း ဂျွန်ဆင်က ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီဆဲစီးယက်စ်အထိသာ ကန့်သတ်ချက်ထား ဆောင်ရွက်ရန် အစိုးရများကို ၎င်းက တိုက်တွန်းလိုက်သည်။ ထို့အပြင် ဖွံ့ဖြိုးပြီး နိုင်ငံများကို ၂၀၃၀ မတိုင်မီ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကို ရပ်တန့်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ၂၀၄၀ မတိုင်မီ အလားတူရပ်တန့်ရန် ၎င်းက ဆက်လက်တိုက်တွန်းထားသည်။ တရုတ်နိုင်ငံသည် ပြည်ပတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံနောက်ထပ် တည်ဆောက်တော့မည် မဟုတ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်၏ စက်တင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်ကို ဂျွန်ဆင်က ကြိုဆိုလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နောက်ထပ် ကိုဗစ်- ၁၉ ကာကွယ်ဆေး သန်း ၅၀၀ လှူဒါန်းပေးသွားမည့် အမေရိကန်

နှင်းမိုးအိမ်

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကမ္ဘာ့ခေါင်းဆောင်များနှင့်ပြုလုပ်သည့် ကိုဗစ်-၁၉ ထိပ်သီးအစည်းအဝေး၌ ဖွံ့ဖြိုးဆဲနိုင်ငံများကို နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၅၀၀ လှူဒါန်းပေးသွားမည်ဟု ပြောကြားခဲ့သည်။**

**ကာကွယ်ဆေးအကူအညီပေးသွားမည်**

ကပ်ရောဂါကို ကျော်လွှားနိုင်ရေးအတွက် ရုန်းကန်နေရသည့်နိုင်ငံများကို ကာကွယ်ဆေး နောက်ထပ် သန်း ၅၀၀ အကူအညီပေးသွားမည်ဟု ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်စဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး အကျပ်အတည်းမှာ လက်တစ်ကမ်းအလိုတွင် မြင်တွေ့နေရသည့် အကျပ်အတည်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသည် ကာကွယ်ဆေး တစ်ဘီလီယံကျော်ကို လှူဒါန်းသွားမည်ဟု ကတိပြုထားရာ ယခု လှူဒါန်းမှုသည်တွန်းအားတစ်ခုပင် ဖြစ်သည်။ လှူဒါန်းလိုက်သည့် ကာကွယ်ဆေးများကို ကိုဗက်အစီအစဉ်မှတစ်ဆင့် ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**ကာကွယ်ဆေးသန်း ၁၆၀ ပေးပို့ပြီးဖြစ်**

နိုင်ငံပေါင်း ၁၀၀ သို့ ကာကွယ်ဆေး အလုံးရေသန်း ၁၆၀ ပေးပို့ပြီးဖြစ်ကြောင်း ကိုလည်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ လှူဒါန်းသွားမည့် ကာကွယ်ဆေး အလုံးရေ တစ်ဝက်နီးပါးမှာ ဖိုက်ဇာ ကာကွယ်ဆေးများဖြစ်ပြီး ဝင်ငွေနည်းပါး သည့်နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ် ရှိသည့်နိုင်ငံများကို ကာကွယ်ဆေး လှူဒါန်းသွားမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလအရောက်တွင် နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် ကာကွယ်ဆေး ၇၀ ရာခိုင်နှုန်း ထိုးပေးနိုင်ရန် ကမ္ဘာ့ခေါင်းဆောင်များက စိန်ခေါ်မှုတစ်ခု အဖြစ် သတ်မှတ်လုပ်ဆောင်ကြရန် လည်း အိမ်ဖြူတော်ကပြောသည်။

**ဝေဖန်မှုနှင့်ရင်ဆိုင်နေရ**

ဝင်ငွေမြင့်မားသည့် နိုင်ငံများသည် လည်း ကိုယ်ပိုင်ရည်မှန်းချက်အတိုင်း လုပ်ဆောင်ကြရန် သမ္မတဘိုင်ဒင်က ပြောသည်။ အင်အားတစ်ဝက်မျှဖြင့် လက်ရှိကြုံတွေ့နေရသည့် အကျပ်အတည်းကို မဖြေရှင်းနိုင်ဟု သမ္မတ ဘိုင်ဒင်ကပြောသည်။

အမေရိကန်နှင့်အခြားသောချမ်းသာ ကြွယ်ဝသည့်နိုင်ငံများသည် သက်ကြီး ရွယ်အိုများနှင့် အခြားသောထိခိုက်လွယ် သည့် လူများကို တတိယအကြိမ် ကာကွယ်ဆေးထိုးရန် စီစဉ်ခဲ့သည့် အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဝေဖန်မှုနှင့် ရင်ဆိုင်နေရသည်။

**ခွင့်ပြုချက်ပေး**

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (အက်ဖ်ဒီအေ) က တတိယအကြိမ် ကာကွယ်ဆေးထိုးရန် အတွက် ဖိုက်ဇာကာကွယ်ဆေးကို ခွင့်ပြုချက်ပေးခဲ့သည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးရန် ခွင့်ပြုချက်ရသူများမှာ အသက် ၆၅ နှစ်နှင့်အထက် သို့မဟုတ် အသက် ၁၈ နှစ်နှင့်အထက် ဆိုးဆိုးရွားရွား ဖျားနာသူနှင့် ဗိုင်းရပ်စ်နှင့် နီးကပ်မှုရှိသူတို့ကို ထိုးပေးရမည်ဟု သိရသည်။ စက်တင်ဘာ ၂၂ ရက်တွင် အဆိုပါ ကာကွယ်ဆေးကို အရေးပေါ် အခြေအနေ သုံးစွဲခွင့်အတွက် ခွင့်ပြုချက် ပေးခဲ့သည်။

**အားပျော့လာ**

အမေရိကန်အစိုးရသည် နောက်ထပ် တစ်ကြိမ် အပိုဆောင်း၍ကာကွယ်ဆေး ထိုးပေးရန် အစီအစဉ်ကို ပြီးခဲ့သည့်လ အတွင်းမှ စတင်ကာ ကြေညာခဲ့သည်။ ကိုဗစ်- ၁၉ ကာကွယ်ဆေး၏ အစွမ်း ထက်မှုမှာ အချိန်ကြာလာသည်နှင့်အမျှ အားပျော့လာသည်ဟု ပြောသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း သက်ကြီး ရွယ်အိုများနှင့် ထိခိုက်လွယ်သည့် အုပ်စု များကို တတိယအကြိမ် ကာကွယ်ဆေး ထိုးပေးရန် ထောက်ခံချက်ပေးခဲ့သည်။ ထိခိုက်မှုများနိုင်သည့် အုပ်စုထဲတွင် ကျန်းမာရေးလုပ်သားများလည်း ပါဝင် သည်။

**ခွင့်ပြုချက်လျှောက်ထားလျက်ရှိ**

နောက်ထပ်အပိုဆောင်း၍ ထိုးပေး သောကာကွယ်ဆေးကို ဒုတိယအကြိမ် ဖိုက်ဇာကာကွယ်ဆေးထိုးပြီး ခြောက်လ ရှိသူများကို ထိုးပေးရန် အက်ဖ်ဒီအေ က ပြောသည်။

အမေရိကန်ဆေးဝါးကုမ္ပဏီကြီးဖြစ် သည့် မော်ဒါနာသည်လည်း ၎င်းတို့ ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ် ဆေးကို တတိယအကြိမ် ထိုးပေးရာတွင် အသုံးပြုရန် ခွင့်ပြုချက်လျှောက်ထား လျက်ရှိကြောင်း သိရသည်။

**ကာကွယ်ဆေးပြတ်လပ်မှုနှင့် ကြုံတွေ့နေရ**

ချမ်းသာသည့်နိုင်ငံများက တတိယ အကြိမ် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုး ပေးရန် ပြင်ဆင်နေချိန် ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများတွင် ကာကွယ်ဆေး ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။

သို့သော်လည်း အခြားသူများကို အကူအညီပေးရန် လုပ်ဆောင်နေစဉ် မိမိနိုင်ငံအတွင်းမှ ပြည်သူများအတွက် လည်း ဂရုစိုက်ရမည်ဟု အမေရိကန် အဆင့်မြင့်အရာရှိကြီးတစ်ဦးက သတင်း ထောက်များကို ပြောသည်။ စက်တင်ဘာ ၂၁ ရက် ကုလသမဂ္ဂတွင် အမေရိကန် သမ္မတ မိန့်ခွန်းပြောကြားစဉ် တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ် - ၁၉ တုံ့ပြန်ရေးသို့ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ဘိုင်ဒင်က ကိုယ်စားလှယ်များကို ပြော သည်။

**ကာကွယ်ဆေးရရှိမှုတွင်ကွဲပြားမှုရှိ**

လုံခြုံစိတ်ချရပြီး အစွမ်းထိရောက် မှုရှိသည့် ကာကွယ်ဆေးကို အချိန်တို အတွင်း ရရှိနိုင်ခဲ့သော်လည်း နိုင်ငံများ ကြားတွင် ကာကွယ်ဆေးရရှိမှုပမာဏ မှာမူ ကွဲပြားနေသည်။

တချို့သောနိုင်ငံများတွင် လူဦးရေ အများအပြားကိုကာကွယ်ဆေးထိုးပေး နိုင်သော်လည်း အချို့နိုင်ငံများတွင်မူ ကာကွယ်ဆေးထိုးပေးမှုကို စတင်ရုံသာ ရှိနေသေးသည်။

အာဖရိကတွင် ကာကွယ်ဆေးထိုး နိုင်ခွင့်ရှိသူအသက်အုပ်စု၏ ၃ ဒသမ ၆ ရာခိုင်နှုန်းကိုသာ ကာကွယ်ဆေးထိုးရ သေးသော်လည်း အနောက် ဥရောပတွင်မူ ပျမ်းမျှအားဖြင့် ၆၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။

**လက်ခံတွေ့ဆုံ**

ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကိုဗစ်- ၁၉ အစည်းအဝေးကို ကျင်းပခဲ့ ခြင်းဖြစ်ပြီး အမေရိကန်သမ္မတ ဂျိုးဘိုင် ဒင်နှင့် ကုလသမဂ္ဂဆိုင်ရာအမေရိကန် သံအမတ်ကြီး လင်ဒါသောမတ် ဂရင်းဖီး တို့သည် အခြားသော ကျန်းမာရေး နယ်ပယ်နှင့် နိုင်ငံခြားခေါင်းဆောင်များ နှင့် လက်ခံတွေ့ဆုံခဲ့ကြသည်။

ထိုအထဲတွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာ ရက်စ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးအကဲဖြစ်သူ တက်ဒရို့စ် အက်ဒ် ဟာနွန် ဂီဘရီယက်ဆု၊ ဗြိတိန်၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အင်ဒိုနီးရှားနှင့် တောင် အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များ ပါဝင်သည်။

**ရည်မှန်းချက်သုံးခု**

အမေရိကန်သည် ရည်မှန်းချက်သုံးခု အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်ဟု အရာရှိတစ်ဦးကပြောသည်။

အဆိုပါ ရည်မှန်းချက်သုံးခုမှာ ကာကွယ်ဆေး ထောက်ပံ့ပေးမှုကို တိုးမြှင့်ရန်၊ အောက်ဆီဂျင်ပြဿနာကို ဖြေရှင်းပြီး လူ့အသက်များကယ်တင်ရန် နှင့် အကာအကွယ်ပြုလုပ်မှု၊ စမ်းသပ် မှုနှင့် ဆေးဝါးထုတ်လုပ်မှုတို့ကို ခွင့်ပြု ရန်ဖြစ်ပြီး အနာဂတ်တွင် ကြိုတင် ကာကွယ်ရေး နည်းလမ်းများကို တိုးတက်စေရန်တို့ဖြစ်သည်။

**အသက်ဆုံးရှုံးခဲ့ရ**

တစ်ကမ္ဘာလုံးအနှံ့၌ ပြီးခဲ့သည့် ဩဂုတ်လနှောင်းပိုင်းတွင် ကိုဗစ် -၁၉ ကူးစက်မှုများ အများဆုံးဖြစ်ခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်မှုမှာ လျင်လျင်မြန်မြန် ပျံ့နှံ့လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုတွင်လည်း ကူးစက်မှုများ အလွန်များပြားသည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ တစ်ကမ္ဘာလုံးအနှံ့ လူပေါင်း ၄ ဒသမ ၇ သန်းမှာ ကိုဗစ် - ၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။ ။

**ကိုးကား - အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတဂျိုးဘိုင်ဒင်

❖ **နိုင်ငံပေါင်း ၁၀၀ သို့ ကာကွယ်ဆေးအလုံးရေ သန်း ၁၆၀ ပေးပို့ပြီးဖြစ်ကြောင်းကိုလည်း သမ္မတဂျိုးဘိုင်ဒင်က ပြောသည်။ လှူဒါန်းသွားမည့် ကာကွယ်ဆေးအလုံးရေ တစ်ဝက်နီးပါးမှာ ဖိုက်ဇာကာကွယ်ဆေးများဖြစ်ပြီး ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသည့်နိုင်ငံများကို ကာကွယ်ဆေးလှူဒါန်းသွားမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလအရောက်တွင် နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ကာကွယ်ဆေး ၇၀ ရာခိုင်နှုန်း ထိုးပေးနိုင်ရန် ကမ္ဘာ့ခေါင်းဆောင်များက စိန်ခေါ်မှုတစ်ခုအဖြစ် သတ်မှတ်လုပ်ဆောင်ကြရန်လည်း အိမ်ဖြူတော်က ပြောသည်**

## စက်တင်ဘာ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၄၄ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၇၇ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၃၄၃ ရှိ

**(၂၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်-

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း **(၁၉,၇၇၅)** ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၇၄၄) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၈၈,၂၀၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၅၃,၄၀၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၉၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၆,၁၇၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၃၄၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၄၁) ခု | (၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၅) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၉) ခု | (၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၂) ခု | (၂၇) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၆၄) ခု | (၁၇) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင်၁၀၀) | (၂၆) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၈) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၈) ခု | (၁၄၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၃၂၂) ခု | (၁,၄၅၇) ဦး |
| စုစုပေါင်း | (၁၉,၇၇၅) ခု | (၁,၇၄၄) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၃-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၄၀၄၈၇၇ | ၃၂၉၄၇၈၅၄ | ၆၉၉၇၄၈ |
| ၂။ | အိန္ဒိယ | ၃၃၅၆၇၁၉၂ | ၃၂၈၀၁၅၇၃၁ | ၄၄၆၁၂၇ |
| ၃။ | ဘရာဇီး | ၂၁၂၈၃၅၆၇ | ၂၀၂၉၅၅၃၈ | ၅၉၂၃၅၇ |
| ၄။ | ဗြိတိန် | ၇၅၃၀၁၀၃ | ၆၀၇၅၇၃၃ | ၁၃၅၆၂၁ |
| ၅။ | ရုရှား | ၇၃၅၄၉၉၅ | ၆၅၅၈၇၈၀ | ၂၀၁၄၄၅ |
| ၆။ | ပြင်သစ် | ၆၉၇၁၄၉၃ | ၆၆၈၂၉၃၁ | ၁၁၆၃၀၉ |
| ၇။ | တူရကီ | ၆၉၃၂၄၅၃ | ၆၄၁၁၄၇၆ | ၆၂၃၀၇ |
| ၈။ | အီရန် | ၅၄၉၃၅၉၁ | ၄၈၇၂၈၆၅ | ၁၁၈၅၀၈ |
| ၉။ | အာဂျင်တီးနား | ၅၂၄၅၂၆၅ | ၅၁၀၂၆၉၉ | ၁၁၄၆၈၄ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၅၂၀၃ | ၄၇၈၄၇၄၉ | ၁၂၆၀၀၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၀၁၅၅၉ | ၄၀၁၂၄၄၈ | ၁၄၁၁၁၄ |
| ဖိလစ်ပိုင် | ၂၄၃၄၇၅၃ | ၂၂၃၁၅၅၈ | ၃၇၄၀၅ |
| မလေးရှား | ၂၁၄၂၉၂၄ | ၁၉၁၇၀၈၅ | ၂၄၅၆၅ |
| ထိုင်း | ၁၅၂၄၆၁၃ | ၁၃၈၀၃၆၂ | ၁၅၈၈၄ |
| ဗီယက်နမ် | ၇၂၈၄၃၅ | ၄၉၃၄၈၈ | ၁၈၀၁၇ |
| မြန်မာ | ၄၅၃၄၀၇ | ၄၀၆၁၇၅ | ၁၇၃၄၃ |
| ကမ္ဘောဒီးယား | ၁၀၆၆၁၉ | ၉၉၁၃၄ | ၂၁၇၆ |
| စင်ကာပူ | ၈၁၃၅၆ | ၇၂၀၉၀ | ၆၈ |
| လာအို | ၂၀၆၄၆ | ၁၅၇၆၆ | ၁၆ |
| ဘရူနိုင်း | ၅၅၈၆ | ၃၇၇၀ | ၃၁ |

# ကျေးလက်လမ်း၊ တံတားများအား ရာသီမရွေးအသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းဖြင့် တိုင်းရေး၏ လူမှုစီးပွားဘဝ မြှင့်တင်

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းတို့အတွက် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် ရည်မှန်းချက်အား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### မြစ်ဝကျွန်းပေါ်ဒေသ

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပြီး စတုရန်းမိုင် ၁၃၅၆၈ ကျယ်ဝန်းကာ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင် စသည့် ခရိုင်ခြောက်ခုဖြင့် ဖွဲ့စည်းထားရှိပြီး စုစုပေါင်း မြို့နယ် ၂၆ မြို့နယ် ပါဝင်သည်။ ကျေးရွာအုပ်စု ၁၉၁၇ အုပ်စု၊ ကျေးရွာပေါင်း ၁၁၃၈၃ ရွာ၊ အိမ်ခြေပေါင်း ၁၉၄၆၄၉၉ ၊ လူဦးရေ ၇၆၄၇၉၅၄ ဦးခန့် မှီတင်းနေထိုင်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးသည် မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်တွင် ရခိုင်ပြည်နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။ ကမ်းရိုးတန်းမှာ အနောက်ဘက် ရခိုင်ပြည်နယ်နယ်စပ်မှ မော်တင်စွန်းအထိ မိုင် ၁၈၀ ခန့် ရှည်လျားပြီး တောင်ဘက်ခြမ်းကမ်းရိုးတန်းမှာ မိုင် ၁၅၀ ခန့် ရှည်လျားသည်။

မြစ်ချောင်း၊ အင်းအိုင်၊ ရေနက်ကွင်းများ များပြားလှသော ဧရာဝတီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်ရန်အတွက် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတားများကို အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁၃/ ၆ ဒသမ ၀၈ မိုင်၊ ကျောက်လမ်း ၂၄/ ၀ ဒသမ ၅ မိုင်၊ အမာခံလမ်း ၁၉/ ၃ မိုင်၊ မြေသားလမ်း ၁၇/ ၀ ဒသမ ၅ မိုင်၊ ကွန်ကရစ်တံတား အစင်း၂၀ ၊ သစ်သားတံတားငါးစင်း၊ ဘေလီတံတားနှစ်စင်း၊ မြောင်းကူးတံတားခုနစ်စင်း၊ ရေကျော်နှစ်စင်း၊ အခြားနှစ်စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### အဆင့်မြှင့်တင်

၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၂၉/ ၄ ဒသမ ၀၈ မိုင်၊ ကတ္တရာလမ်း ၉/ ၀ ဒသမ ၈ မိုင် ကျောက်လမ်း ၄၉/ ၂ ဒသမ ၈၈ မိုင်၊ အမာခံလမ်း ၁၃/၅ ဒသမ ၅ မိုင်၊ မြေသားလမ်း ၅၂/၇ ဒသမ ၂ မိုင်၊ ကွန်ကရစ်တံတား ၄၃ စင်း၊ သစ်သားတံတားတစ်စင်း၊ မြောင်းကူးတံတား ၈၈ စင်း၊ အခြားငါးစင်းတို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သည်။



ရေကြည်မြို့နယ်၌ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဆင်ကူးကွန်ကရစ်တံတား (အရှည်ပေ ၂၀၀) ကို တွေ့ရစဉ်။

**“ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များအသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရေး၊၂၀၃၀ ပြည့်နှစ် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်နှစ်စဉ် အဆင့်မြှင့်တင်ဆောင်ရွက်**

၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၃၄/ ၁ ဒသမ ၄၂ မိုင်၊ ကတ္တရာလမ်း ၆/ ၂ ဒသမ ၇၁ မိုင် ကျောက်လမ်း ၉၄/ ၀ ဒသမ ၆ မိုင်၊ အမာခံလမ်း ၁၂/ ၄ ဒသမ ၃၆ မိုင် ၊ မြေသားလမ်း ၄၆/၁ ဒသမ ၀၈ မိုင်၊ ကွန်ကရစ်တံတား ၅၂ စင်း၊ မြောင်းကူးတံတား ၇၇ စင်း၊ အခြားငါးစင်းတို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၃၉/၃ ဒသမ ၁၆ မိုင်၊ ကတ္တရာလမ်း ၄ မိုင်၊ ကျောက်လမ်း ၁၀၃ မိုင်၊ အမာခံလမ်း ၃၁/ ၅ ဒသမ ၁ မိုင်၊ မြေသားလမ်း ၇၂/ ၁ ဒသမ ၂၇ မိုင်၊ ကွန်ကရစ်တံတား ၃၉ စင်း၊ မြောင်းကူးတံတား ၄၈ စင်းတို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀– ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း ၁၁၆/ ၆ ဒသမ ၈၁ မိုင်၊ ကတ္တရာလမ်း ၁၉/ ၄ ဒသမ ၁ မိုင် ကျောက်လမ်း ၂၇၀/၄ ဒသမ ၀၃ မိုင်၊ အမာခံလမ်း ၇၇/ ၃ ဒသမ ၄၈ မိုင်၊ မြေသားလမ်း ၁၈၈/၂ ဒသမ ၀၇ မိုင်၊ ကွန်ကရစ်တံတား ၁၅၄ စင်း၊ သစ်သားတံတားခြောက်စင်း၊ ဘေလီတံတားနှစ်စင်း၊ မြောင်းကူးတံတား ၂၂၀၊ ရေကျော်နှစ်စင်း၊ အခြား ၁၂ စင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ရှေ့ပြေးစီမံကိန်း

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စတင်ဖွဲ့စည်းသည့် အချိန်မှစ၍ ရှေ့ပြေးစီမံကိန်းအနေဖြင့် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကြက်သွန်ကွင်းကျေးရွာမှ ပုသိမ်မြို့နယ် (မကျီးဇင်) ကျေးရွာ ပင်လယ်ကမ်းခြေအထိ စုစုပေါင်း ၄၂/ ၀ မိုင်အား ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်၍ ဘဏ္ဍာနှစ်အလိုက် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကြက်သွန်ကွင်း – သဲဖြူ– မကျီးဇင်လမ်းအား ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ်တွင် မြေသာလမ်း ၁၆/၀ မိုင်၊ ကျောက်ချောလမ်း ၅/၆ မိုင်နှင့် မကျီးဇင်ကျေးရွာအထိ (ပင်လယ်ကမ်းခြေထိ) တစ်ကြောင်းထိုးလမ်းဖောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၂/ ၀ မိုင်၊ ကျောက်ချောလမ်း ၅/ ၇ မိုင်၊ မြေသားလမ်း ၁၀/၀ မိုင်၊ ကွန်ကရစ်တံတား ၁၀ စင်း၊ မြောင်းကူးတံတား ၅၄ စင်းတို့ ဆောင်ရွက်ခဲ့သည်။ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၃/၀ ဒသမ ၁၈ မိုင် ၊ ကျောက်ချောလမ်း ၆/၀ မိုင်၊ ကွန်ကရစ်တံတားတစ်စင်း ၊ မြောင်းကူးတံတား ၁၇ စင်းတို့ ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ –၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း ၅/ ၀ မိုင်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၁၇ သို့*



မြောင်းမြမြို့နယ် မြောင်းမြ– ကုန်းသာ– မြစိမ်းရောင်လမ်း အရှည် ၀/ ၅ မိုင် အကျယ် ၁၂ ပေ ကတ္တရာခင်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



မြောင်းမြမြို့နယ် ပေသလပ်ကုန်း- ပြင်ရွာလမ်း အရှည် ၀/ ၅ ဒသမ ၆ မိုင် အကျယ် ၁၂ ပေ ကွန်ကရစ်ခင်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

### ကမ်းခြေပတ်လမ်း

အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၉၈ ရွာ၊ အိမ်ထောင်စု ၉၅၇၅ စု၊ လူဦးရေ ၃၇၅၇၅ ဦး အား အကျိုးပြုမည်ဖြစ်သည်။ ကြက်သွန်ကွင်း- သဲဖြူ -မကျီးဇင်လမ်းမှာ ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့မှ ရခိုင်ပြည်နယ် ဂွမြို့အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကမ်းခြေပတ်လမ်းသို့ တိုက်ရိုက်ချိတ်ဆက် ဖောက်လုပ်ထားပါသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် မကျီးဇင်ကျေးရွာနှင့် ရခိုင်ပြည်နယ် နယ်စပ်တွင်ရှိသော ကျောက်ချွန်တံတားနှင့် ၈/၄ မိုင်ခန့်သာကွာဝေးပြီး ကမ်းခြေပတ်လမ်း စီမံကိန်း ဆောင်ရွက်ပြီးစီးပါက အဆိုပါ ကြက်သွန်ကွင်း- သဲဖြူ- မကျီးဇင်လမ်းအား အသုံးပြု၍ ဧရာဝတီတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်အတွင်းရှိ ဂွမြို့၊ ငပလီကမ်းခြေတို့အား အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် Pilot Project စီမံကိန်းဖြင့် ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ပဆင်-တာဂွ- ဘုရားကုန်း- ဓမ္မိလမ်း ကတ္တရာခင်းခြင်း စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၄/၃ မိုင် ၊ ကွန်ကရစ်တံတားလေးစင်း၊ မြောင်းကူးတံတားတစ်စင်း အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၁/၂ မိုင်၊ မြေသားလမ်း ၅/၁ မိုင်၊ ကွန်ကရစ်တံတား နှစ်စင်းအား ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၁/ ၀ မိုင် အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလမ်းမှာ ဟင်္သာတမြို့အနီး တာဂွကျေးရွာတွင် လမ်းဦးစီးဌာနပိုင် ဟင်္သာတ- ဆုံကုန်း - မြန်အောင်လမ်းမှခွဲထွက်၍ တာဂွ၊ သဃ်န်းကွင်း၊ အင်းဇရပ်၊ မှော်သေး၊ ဆပ်ပြာအိုင် ဘုရားကုန်း၊ ကင်မွန်းချောင်း၊ ဓမ္မိကျေးရွာများကို ဖြတ်သန်းကာ ဓမ္မိကျေးရွာအနီးရှိ ဆည်မြောင်းဦးစီးဌာနပိုင် ဆည်မြောင်းရေကာတာသို့ ဆက်သွယ်ထားသော အရှည် ၉/၅ မိုင် ရှိသည့်လမ်းဖြစ်ပြီး ဟင်္သာတမြို့နယ်ရှိ ရေကြီးရေလျှံဒေသများသို့ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား နှစ်အလိုက်စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဟင်္သာတမြို့နယ်ရှိ ကျုံတုံး၊ ဘုရားကုန်း၊ လိပ်ချောင်း၊ ကင်မွန်းချောင်း၊ ငဖယ်တူ၊ ကညင်ကောက် ၊ ရွာသာ၊ ဓမ္မိ၊ ခြင်ဘို၊ သမ္ဘာရာတိုင်း၊ ပဲကြီးကျွန်း၊ လက်ပံလှ စသည့် ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ကျေးရွာ ၉၉ ရွာ ၊ အိမ်ထောင်စု ၁၂၂၉၁ ၊ လူဦးရေ ၄၈၁၈၂ တို့ကို အကျိုးပြုသောလမ်းဖြစ်သည်။

### ပြန်လည်ထူထောင်ရေးစီမံကိန်း

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေကြီး၊ ရေလျှံနှင့် မြေပြိုမှုများကြောင့် ပြန်လည်ထူထောင်ရေးစီမံကိန်း (Flood and Landslide Emergency Recovery Credit) ဖြင့် ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်တွင် ကျေးလက်လမ်း (၁)လမ်းနှင့် မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်တွင် ကျေးလက်လမ်း(၁) လမ်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဆောင်ရွက်မှုအနေဖြင့် ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်ရှိ ရှမ်းစု- ချောင်းစောက်- လှည်းဆိပ်- မိုးကြိုးပစ်လမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၈/ ၅ မိုင်၊ မြောင်းကူးတံတား ၁၉ စင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာ ၁၇ ရွာ ၊ အိမ်ခြေ ၂၄၅၇ အိမ်၊ လူဦးရေ ၁၀၆၂၇ ဦးတို့အား အကျိုးပြုနိုင်ခဲ့သည်။ မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်း စံကင်း- ကလော့သော့လမ်းအား ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၂/ ၇ ဒသမ ၉၈ မိုင်၊ မြောင်းကူးတံတားငါးစင်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၂၂၇၁ အိမ်၊ လူဦးရေ ၉၉၅၂ ဦးတို့အား အကျိုးပြုနိုင်ခဲ့သည်။

### မဟာဗျူဟာ ရည်မှန်းချက်များ

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်လမ်း တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်ရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များအသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရေး၊ ၂၀၃၀ ပြည့်နှစ် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့်နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်နှစ်စဉ် အဆင့်မြှင့်တင်ဆောင်ရွက်ရေး စသည့်မဟာဗျူဟာ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် အဆင့်မြှင့်တင်

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ရာသီမရွေး သွားလာနိုင်သော လမ်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ၃၅ ရာခိုင်နှုန်းထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ မြစ်ဝကျွန်းပေါ် ဒေသဖြစ်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးဆိုင်ရာအရေးပေါ်ပျက်စီးသည့် ကျေးလက်လမ်း၊ တံတားများအား ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် မြန်၊ ကောင်း ၊ သက်သာနည်းလမ်းဖြင့် အချိန်တိုအတွင်း ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မုန်တိုင်းဒဏ်ခံ Cyclone Shelter များအား ကျေးရွာများမှ ဆက်သွယ်သည့် လမ်းများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### အရှိန်အဟုန်ဖြင့်အဆင့်မြှင့်တင်

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဒီရေတောများ ပေါများသည့်တိုင်းဒေသရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်လမ်း၊ တံတားများအား ရာသီမရွေး အသုံးပြုနိုင်ရန် အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ရွှေဘိုမြို့နယ်ရှိ စပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေး ဧက ၁၀၀ စံပြကွက်တောင်သူများအား သွင်းအားစုနှင့် နည်းပညာသင်တန်းပေး

**ရွှေဘို စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် တိုင်းဒေသကြီး ကိုယ်စားပြု စပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေး တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြကွက်တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာသင်တန်းပေးခြင်းကို ယမန်နေ့က ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရှိ ရှင်ယွန်းစံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက စပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေး သိပ္ပံနည်းကျစိုက်နည်းစနစ်များအား ဆွေးနွေးပြောကြားပြီး ဧက ၁၀၀ စံပြကွက်စိုက်ပျိုးလျက်ရှိသော မြင်ချင်းကျေးရွာအုပ်စု ကွင်းအမှတ် ၃၀၃၁ နှင့် ၂၉၆၇ ရှိ တောင်သူ ၂၅ ဦးအား ရွှေကောမက်ကွန်ပေါင်း အိတ် ၁၀၀၊ ကျောက်မှုန့်အိတ် ၁၀၀ နှင့် ဆီလီကာအိတ် ၂၀ တို့ကို ပေးအပ်သည်။ (ယာပုံ)

ဆက်လက်၍ တောင်သူများအနေဖြင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် စပါးအထွက်နှုန်း ပိုမိုထွက်ရှိခြင်းကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်၊ မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေး စသည်တို့ကို စနစ်တကျ အချိန်ကိုက် အချိုးကျ ထည့်သွင်းအသုံးပြုနိုင်စေရန်နှင့် တောင်သူအချင်းချင်း နည်းပညာများ ဖလှယ်ဆွေးနွေးအသုံးပြုတတ်စေရန် ရည်ရွယ်၍ သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်အကြောင်းကို တောင်သူ ၂၅ ဦးအား သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းဒေသကြီးကိုယ်စားပြု စပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြကွက်ရွေးချယ်ခြင်းနှင့် ပတ်သက်၍ မြေယာပြုပြင်ခြင်း၊ ပျိုးထောင်ခြင်း၊ ကောက်စိုက်ခြင်း၊ အပင်ပြုစုခြင်းလုပ်ငန်းများတွင် ခေတ်မီစက်ကိရိယာများကို အသုံးပြုပြီး သဖန်းဆိပ်ဆည်ရေသောက် ဧရိယာတွင် JICA (AIIP) စိုက်ပျိုးရေး ဝင်ငွေတိုးတက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ဆေးရုံတက်ရောက်ရမှု၊ ရောဂါပြင်းထန်မှုတွေက အခုလို 'ဒယ်လ်တာ' ဖြစ်တဲ့အချိန်မှာ သိသိသာသာ လျော့ချနိုင်တဲ့အတွက် ကာကွယ်ဆေးရဲ့ ကောင်းကျိုးတွေက အများကြီးဖြစ်ပါတယ်

ဒေါက်တာသန်းနိုင်စိုး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

**ကာကွယ်ဆေးထိုးနှံခြင်း၏ အရေးကြီးပုံနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး ။ ။ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံခြင်းက အရေးကြီးပုံနဲ့ ကာကွယ်ဆေးရဲ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို ပြောကြားပေးပါဦး။**

**ဖြေ ။ ။** ကိုဗစ်–၁၉ ရောဂါနဲ့ ရင်ဆိုင်နေရချိန်မှာ ရောဂါကာကွယ်ရေးအတွက် ရေရှည်အကျိုးရလဒ်ရရှိဖို့နဲ့ တစ်ခုတည်းသော ထွက်ပေါက်က ကာကွယ်ဆေးထိုးနှံခြင်း ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေ ပေါ်ပေါက်လာတယ်ဆိုတာ ခေတ်ပေါ် ဆေးသိပ္ပံပညာရဲ့ အသီးအပွင့်တွေလို့ ပြောလို့ရပါတယ်။

ကာကွယ်ဆေးတွေက ဘာကြောင့်အရေးပါလာသလဲဆိုရင် လူသားတွေအနေနဲ့ ကပ်ရောဂါတွေကို အခုမှရင်ဆိုင်ရတာ မဟုတ်ပါဘူး။ ကိုဗစ် – ၁၉ ရောဂါ မတိုင်ခင် ကပ်ရောဂါတွေ အများအပြား ရင်ဆိုင်ခဲ့ရပါတယ်။ ဒီရောဂါတွေကြောင့် သမိုင်းမှာ လူသန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရတာတွေရှိခဲ့ပါတယ်။ အခု ကိုဗစ်–၁၉ ရောဂါကို နောက်ဆုံး ကပ်ရောဂါလို့ ပြောလို့မရပါဘူး။ နောက်ထပ် အသစ်ဖြစ်ပေါ်လာနိုင်တဲ့ ကပ်ရောဂါတွေ ရှိလာနိုင်ပြီး ဒါကို Emerging infectious Diseases လို့ ခေါ်ပါတယ်။ လတ်တလော ဖြစ်ပွားမှုကျဆင်းနေပေမယ့် ပြန်လည် ခေါင်းထောင်လာနိုင်တဲ့ ကူးစက်ရောဂါတွေရှိပြီး ဒါကို Re–emerging infectious Diseases လို့ ခေါ်ပါတယ်။ ဒီလို Emer–ging နဲ့ Re–emerging infectious Diseases တွေရဲ့ သဘောအနေနဲ့ ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်ပါတယ်။ ဒီလိုရောဂါတွေ ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်တာကို ဖြေရှင်းနိုင်တဲ့ ထိရောက်တဲ့ စုပေါင်းနည်းလမ်းက ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး Global Health ဖြစ်ပြီး Global Health လုပ်ငန်းစဉ်ရဲ့ အလွန်အစွမ်းထက်တဲ့လက်နက်က ကာကွယ်ဆေးထိုးနှံခြင်းဖြစ်ပါတယ်။

ကာကွယ်ဆေးတွေ ပေါ်လာတဲ့နေရာမှာ အကျိုးရှိဆုံးနဲ့ အထင်ရှားဆုံး ဥပမာက ကျောက်ရောဂါ ဖြစ်ပါတယ်။ ကျောက်ရောဂါဖြစ်ပွားရင် ဖြစ်ပွားသူဦးရေရဲ့ သုံးပုံတစ်ပုံအထိ သေဆုံးနိုင်ပြီး ရှင်သန်ကျန်ရစ်ခဲ့သူတွေအနေနဲ့ မျက်နှာမှာ ကျောက်ပေါက်မာတွေ၊ မျက်စိမမြင်တာတွေ ဖြစ်တာရှိတဲ့အတွက် ကပ်ရောဂါဆိုးကြီးတစ်ခုလို့ ပြောလို့ရပါတယ်။ ဒီကျောက်ရောဂါကိုလည်း လူသားတွေက နည်းအမျိုးမျိုးနဲ့ ကာကွယ်ထိန်းချုပ်နိုင်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။

၁၇၉၆ ခုနှစ် မေလမှာ အင်္ဂလိပ်သမားတော် Edward Jenner က နွားခြံက နွားကျောက်ပေါက်ထားသူတွေမှာ လူနဲ့ပတ်သက်တဲ့ ကျောက်ရောဂါတွေ မဖြစ်ဘူးဆိုတာကို စတင်တွေ့ရှိပြီး အသက်ရှစ်နှစ်အရွယ် James Phipps ကို နွားနို့ညှစ်တဲ့ အလုပ်သမ Sarah Nelms ရဲ့ နွားကျောက်ပေါက်တဲ့အနာက အရည်ကြည်ကိုယူပြီး James Phipps ရဲ့ အရေပြားမှာရှိတဲ့ ပြတ်ရှဒဏ်ရာထဲကို ထည့်ပေးလိုက်ပါတယ်။ နောက်ထပ် ခြောက်ပတ်လောက် ကြာတဲ့အခါမှာ ကျောက်ရောဂါနဲ့ ထိတွေ့စေတယ်။ ဒါပေမယ့် James Phipps မှာ ကျောက်ရောဂါဖြစ်တာ မတွေ့ရပါဘူး။ အဲဒီကနေ ကျောက်ရောဂါ ကာကွယ်ဆေးကို စတင်တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ Edward Jenner ရဲ့ တွေ့ရှိမှုက ခေတ်ပေါ်ကာကွယ်ဆေးတွေရဲ့အစလို့ ပြောလို့ရပါတယ်။ လက်တင် ဘာသာလို နွားမကို Vacca လို့ ခေါ်ပါတယ်။ Edward Jenner ရဲ့ တွေ့ရှိမှုကို ဂုဏ်ပြုပြီး နွားမကနေရတဲ့ ကာကွယ်ဆေးဖြစ်တဲ့အတွက် Vacca ကနေ နောက်ပိုင်းမှာ ကာကွယ်ဆေး Vaccination ဆိုပြီး ဝေါဟာရအသစ်ပေါ်ထွက်လာတာ ဖြစ်ပါတယ်။

ကျောက်ရောဂါ ကာကွယ်ဆေးရဲ့ ကောင်းကျိုးတွေကို သိတဲ့အတွက် နိုင်ငံတိုင်းက အစိုးရတွေအနေနဲ့ ကျောက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို အားပေးခဲ့ပါတယ်။ ၁၇ နဲ့ ၁၈ ရာစု ကြားမှာ ကိန်းဂဏန်းတွေက သိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့တယ်။ Edward Jenner ရဲ့ ကာကွယ်ဆေး မပေါ်ခင်ကာလ သက္ကရာဇ် ၁၇၀၀ ကနေ ၁၇၉၇ ခုနှစ်အထိ ကျောက်ရောဂါကြောင့် သေဆုံးနှုန်းက လူတစ်သန်းမှာ ၃၀၀၀ အထိရှိခဲ့ပြီး ၁၈၃၈ ခုနှစ်မှ ၁၈၅၃ ခုနှစ်အတွင်း လူတစ်သန်းမှာ သေဆုံးနှုန်းက ၄၁၇ ဦးပဲ ရှိပါတယ်။ မဖြစ်မနေ ကာကွယ်ဆေးထိုးရမယ်လို့ သတ်မှတ်တဲ့ကာလ ၁၈၅၇ ခုနှစ်မှ ၁၈၆၆ ခုနှစ်အထိ လူတစ်သန်းမှာ သေဆုံးမှုနှုန်းက ၂၁၄ ဦးရှိပါတယ်။ ၁၈၈၉ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကျောက်ရောဂါကာကွယ်ဆေးကို မထိုးမနေရ သတ်မှတ်ပြီး မထိုးရင်အရေးယူတဲ့ အတွက် ကျောက်ရောဂါကြောင့် သေဆုံးမှုက လူတစ်သန်းမှာ ၁၀ ဦးရှိပါတယ်။ ၁၉၈၀ ပြည့်နှစ် ကမ္ဘာပေါ်မှာ ကျောက်ရောဂါ လုံးဝကင်းစင်ပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာနိုင်ခဲ့ပါတယ်။ Edward Jenner ရဲ့ ကျောက်ရောဂါကာကွယ်ဆေး စတင်တွေ့ရှိမှုကနေ လူသန်းပေါင်းများစွာရဲ့ အသက်ကို ဆက်လက်ကယ်ဆယ်နိုင်ခဲ့ပြီး ကမ္ဘာမြေကြီးပေါ်ကနေ ကျောက်ရောဂါ လုံးဝ ပျောက်ကွယ်သွားတဲ့အဆင့်အထိ ရောက်ရှိလာတာက ကာကွယ်ဆေးရဲ့ အလွန်အောင်မြင်တဲ့ သမိုင်းကြောင်း ဖြစ်ပါတယ်။

**မေး ။ ။ ကာကွယ်ဆေး အဆင့်ဆင့်ထုတ်လုပ်ပုံကို ရှင်းပြပေးပါဦး။**

**ဖြေ ။ ။** ဆေးသိပ္ပံပညာရပ်တွေ ပိုပြီးထွန်းကားလာတဲ့အခါ ထပ်ပြီး ကာကွယ်ဆေးတွေ တွေ့ရှိလာပါတယ်။ ပြင်သစ်သိပ္ပံပညာရှင် Louis Pasteur က ၁၈၈၀ ပြည့်နှစ်မှာ ကာလဝမ်းရောဂါ၊ ၁၈၈၅ ခုနှစ်မှာ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးတွေကို တွေ့ရှိခဲ့ပါတယ်။ ဆက်လက်ပြီး ကာကွယ်ဆေးတွေ ထွက်ပေါ်လာတာက ကြက်ညှာချောင်းဆိုးရောဂါ (၁၉၁၄ ခုနှစ်)၊ ဆုံဆို့နာကာကွယ်ဆေး (၁၉၂၆ ခုနှစ်)၊ မေးခိုင်ရောဂါ ကာကွယ်ဆေး (၁၉၃၈ ခုနှစ်)၊ တုပ်ကွေးရောဂါ ကာကွယ်ဆေး (၁၉၄၅ ခုနှစ်)၊ ပါးချိတ်ရောင်ရောဂါ (၁၉၄၈ ခုနှစ်)၊ ပိုလီယိုရောဂါ (၁၉၅၅ ခုနှစ်)၊ ဝက်သက်ရောဂါ (၁၉၆၃ ခုနှစ်)၊ ဂျိုက်သိုးရောဂါ (၁၉၆၉ ခုနှစ်)၊ အသည်းရောင်အသားဝါဘီ ကာကွယ်ဆေး (၁၉၈၆ ခုနှစ်)၊ ဝမ်းပျက်ဝမ်းလျှောအတွက် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေး (၁၉၈၈ ခုနှစ်)၊ Human Papillo–mavirus (HPV) ကာကွယ်ဆေး (၂၀၀၆ ခုနှစ်) စသဖြင့် ကူးစက်ရောဂါ တော်တော်များများအတွက် ကာကွယ်ဆေးတွေ ပေါ်ထွက်လာပါတယ်။ အချို့ ကာကွယ်ဆေးတွေက ကူးစက်ရောဂါကာကွယ်ရုံတင်မကဘူး၊ ကင်ဆာရောဂါကိုပါ အကာအကွယ်ပေးလာနိုင်တဲ့ အာနိသင်ရှိပါတယ်။ ဥပမာ–အသည်းရောင်အသားဝါဘီကာကွယ်ဆေးက ဘီပိုးကြောင့် အသည်းကင်ဆာဖြစ်တာ၊ HPV ကာကွယ်ဆေးက HPV ပိုးကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်တာတွေကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ပါတယ်။

> ❑ ကာကွယ်ဆေးဆိုတာ နောက်ဆုံး ထွက်ရှိနေတဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအပါအဝင် မည်သည့် ကာကွယ်ဆေးမဆို ထုတ်လုပ်မှုသုတေသန အဆင့်ပေါင်းများစွာကို ခက်ခက်ခဲခဲဖြတ်ရပါတယ်။ စတင်ထုတ်လုပ်တဲ့ နိုင်ငံအဆင့်မှာ အသိအမှတ်ပြုဖို့ အတော်ခက်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရေးပေါ်အသုံးပြုခွင့် စာရင်းထဲဝင်ဖို့ဆို ပိုပြီး ခက်ပါတယ်

ကာကွယ်ဆေးဆိုတာ နောက်ဆုံးထွက်ရှိနေတဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အပါအဝင် မည်သည့်ကာကွယ်ဆေးမဆို ထုတ်လုပ်မှု သုတေသန အဆင့်ပေါင်းများစွာကို ခက်ခက်ခဲခဲ ဖြတ်ရပါတယ်။ စတင်ထုတ်လုပ်တဲ့ နိုင်ငံအဆင့်မှာ အသိအမှတ်ပြုဖို့ အတော်ခက်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရေးပေါ်အသုံးပြုခွင့် စာရင်းထဲဝင်ဖို့ဆို ပိုပြီးခက်ပါတယ်။ ကာကွယ်ဆေး ထုတ်လုပ်မှု လုပ်ငန်းစဉ်အစ (Preclinical Phase) မှာ တိရစ္ဆာန်တွေနဲ့ စမ်းသပ်လေ့ရှိပါတယ်။ ကာကွယ်ဆေးကြောင့် ထွက်လာတဲ့ ပဋိပစ္စည်းတွေက ရောဂါပိုးရဲ့ ဘယ်အပိုင်းကို တိုက်ခိုက်မလဲ၊ ဘယ် Antigen အပိုင်းကို တိုက်ခိုက်နိုင်မယ့်၊ ပဋိပစ္စည်းထွက်နိုင်မယ့် ဆေးမျိုးဖြစ်ရမလဲဆိုတာကို ဓာတ်ခွဲခန်းမှာ တိရစ္ဆာန်တွေနဲ့ အရင်စမ်းသပ်ပါတယ်။

စမ်းသပ်မှုပေါင်း ရာထောင်ချီပြီး စမ်းသပ်လို့ တစ်ခုအောင်မြင်ချင်မှ အောင်မြင်မယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ ဘယ် Antigen ကို တိုက်ခိုက်မယ်၊ ဘယ် Antibody ကို ထွက်အောင်လုပ်မယ်၊ စတင်သိလာပြီ၊ ဘေးကင်းစိတ်ချရမှုလည်း ရှိလာပြီဆိုရင် ကာကွယ်ဆေးသုတေသန လုပ်ငန်းစဉ် အဆင့် ၁ အနေနဲ့ လူဦးရေ ဆယ်ဂဏန်းလောက်ကို စပြီး စမ်းသပ်ပါတယ်။ အသက်အရွယ်လည်းငယ်၊ ကျန်းမာရေးလည်း ကောင်းတယ်၊ သန်သန်မာမာကို ရွေးရပါတယ်။ အဆင့် ၁ မှာ အဓိက စမ်းရတာက ကာကွယ်ဆေးရဲ့ စိတ်ချရမှု၊ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို လှုံ့ဆော်နိုင်စွမ်းတွေရှိပြီဆိုရင် လူမှာ ဘေးကင်းစိတ်ချရမှု ဘယ်လောက်အထိရှိတယ်ဆိုတာ စမ်းသပ်ပါတယ်။

ဘေးကင်းစိတ်ချရမှုတွေ ရှိတယ်ဆိုရင် Phase 2 မှာ ဒီထက်ပိုပြီး လူဦးရေရာဂဏန်း ဖြစ်လာပါတယ်။ ဒီအဆင့်မှာ ဘေးကင်းစိတ်ချရမှုအပြင် သူ့ရဲ့အာနိသင် ထက်မြက်မှုကို စမ်းသပ်ပါတယ်။ ဆေးပေးတဲ့ အုပ်စု၊ ဆေးမပေးတဲ့အုပ်စု ဒီလိုထားပြီး စမ်းသပ်ပါတယ်။ ဆေးအာနိသင်အရ အောင်မြင်မှုတွေ ရလာတယ်။ ဘေးအန္တရာယ် ကင်းရှင်းမှုရှိတယ်ဆိုရင် နောက်တစ်ဆင့်အနေနဲ့ Phase 3 ကို စမ်းရပါတယ်။

အဲဒီမှာ နေရာဒေသမတူညီတဲ့၊ နိုင်ငံတွေ မတူညီတဲ့ လူဦးရေ ထောင်ပေါင်းများစွာပါတယ်။ ဒီလို သုတေသနမျိုးမှာ အချို့ကို ကာကွယ်ဆေးထိုးတယ်၊ အချို့ကို ဆေးတော့ထိုးတယ်၊ ဒီကာကွယ်ဆေးတော့ မဟုတ်ဘူး။ ဆေးထိုးခံရတဲ့သူကလည်း ကိုယ့်ကို ကာကွယ်ဆေးထိုးသလား၊ အခြားဆေးထိုးသလား မသိဘူး။ သုတေသနလုပ်တဲ့ ပညာရှင်ကလည်း ဘယ်သူ့ကို ဘယ်ဆေးထိုးမှန်းမသိဘူး။ ဘယ်သူ့ကို ဘယ်ဆေးပေးမယ်ဆိုတဲ့ ကိစ္စကို Randomize လုပ်ထားလို့ ဘယ်သူမှ မသိနိုင်ပါဘူး။ အချို့သုတေသနတွေမှာ ကိန်းဂဏန်း အချက်အလက်တွေကို ဆန်းစစ်ပေးတဲ့သူကိုယ်တိုင်တောင် မသိပါဘူး။ ဒီလို အဆင့်ဆင့် တော်တော်ခက်ခက်ခဲခဲ လုပ်ရပါတယ်။ အဆင့်ဆင့်တိုင်းကို လျှို့ဝှက်စွာနဲ့ သုတေသနအဆင့်ဆင့် လုပ်ရပါတယ်။ ဒီလို Phase 3 ဆောင်ရွက်ပြီး အောင်မြင်မှ ဒီသုတေသနတွေ့ရှိချက်တွေကို သက်ဆိုင်ရာနိုင်ငံရဲ့ FDA (သို့မဟုတ်) National Regulatory Authority က ကြည့်ပြီး နိုင်ငံအတွင်းမှာ အရင်ဆုံးခွင့်ပြုပါတယ်။

နိုင်ငံရဲ့ ခွင့်ပြုချက်ကိုရပြီဆိုမှ ဒီအထောက်အထားတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို တင်ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ ကျွမ်းကျင်ပညာရှင်တွေ ပါဝင်တဲ့အဖွဲ့ Strategic Advisory Group of Experts on Immunization (SAGE) က ထပ်ပြီးအခါခါ Review လုပ်ပါတယ်။ ကျေနပ်မှုရှိမှ အရေးပေါ်အသုံးပြုခွင့်စာရင်း WHO ရဲ့ Emergency Use List ထဲကိုထည့်ပြီး အသုံးပြုခွင့်ပေးပါတယ်။

*စာမျက်နှာ ၂၀ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၉-၂၀၂၁ သောကြာနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓောဇဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** MRTV Travelogue
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၀၉:၁၅** မျက်မှောက်ရေးရာ အဖြာဖြာ
**၀၉:၄၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း 'နှလုံးသားမှရိုက်ခတ်သံ'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဘောဂဗေဒဘာသာရပ်'
**၁၆:၃၅** လူငယ်ပန်းဥယျာဉ်အစီအစဉ်
**၁၇:၀၅** NHK Program 'လှုပ်ရှားနေသောအပင်များ'
**၁၇:၂၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတစဝေဖြာ သီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** 'ဝဿန်မိုးရာသီ' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၂၂:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း 'လိုဘ'

### mitv

**07:01** News
**07:27** Evergreen Classic: Myitta (Kyawt Kay Khaing)
**07:33** Trend of Kachin Dress
**08:01** Dances of Myanmar (Pre Kayaw Traditional Dance)
**08:05** Oboist and His Life
**08:27** Myanmar Handicrafts
**09:01** The Photographer (Portraiture) "Aung Kyaw Moe"
**09:08** Strolling Along A Memory Link - U Pein Bridge
**09:27** Graffiti: Character Art
**09:30** The Crocodiles of Meinmahla Island
**10:01** Discovering Tribes: Taisun (Their Life and Customs) (Part-2)
**10:24** An Ardent Aficionado Of Traditional Design
**11:01** Myanma Pottery
**11:26** Sweet Delicacy of Pathein

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဗုဒ္ဓတစ်ထောင်အကောက်တောင်
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
နေဗီယာပန်ချောင့်ဝပ်မြက်နှင့်ငွေးမြူရေး
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝပိုကျောင်းများပျော်စံရာ မိန်းမလှကျွန်း
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ရှားစောင်းလက်ပတ်ရဲ့အစွမ်း
**ချင်း (ဇိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းသီချင်းကြီး (အပိုင်း-၃)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးရံ့မျှစ်ချဉ်ဟင်း
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အိပ်မက်ကကြိုးကခုန်သူ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
စာပေစကားပြောကြရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အမွေ'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ (၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားအုန်းဆီပိဿာ ၃၈၇၂၀၀၊ တန်ချိန် ၆၃၃ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

**ဆက်သွယ်ဝယ်ယူနိုင်**

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ်(၂ရာခိုင်နှုန်း)ထက်မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ပြီး စားသုံးသူပြည်သူများသို့လက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွှတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ်-၀၉-၄၄၄၄၃၇၂၈၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်အောင်မြို့၌ အောက်ဆီဂျင်ထုတ်လုပ်သည့်စက် စမ်းသပ်လည်ပတ်

**နေပြည်တော် စက်တင်ဘာ ၂၃**

ကိုဗစ်-၁၉ ရောဂါခံစားနေရသူ ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ အောက်ဆီဂျင်ထုတ်လုပ်သည့်စက် စမ်းသပ်လည်ပတ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၉ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၁၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၄၂/၁၂၁၀ ကျပ် | ၁၂၃၀/၁၂၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၄၉/၁၂၂၀ ကျပ် | ၁၂၄၅/၁၂၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၁၄၇/၁၂၁၅ ကျပ် | ၁၂၆၀/၁၂၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၃၀ /၁၂၇၅ ကျပ် | ၁၃၄၀/၁၃၆၀ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၇ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၁ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၈၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၆ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၇၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၇၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၃၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၂၇၂ | ၁၁၁၉၃၆၀၀ |
| MTSH | ၃၁၀၀ | ၃၀၅၀ | ၁၂၁၂၇ | ၃၇၅၆၉၂၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃ | ၂၄၀၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၂ | ၄၁၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၀၀၀ | ၂၈၅၀ | ၆၀၀ | ၁၇၃၆၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၄၇၄ | ၂၃၇၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ဒုတိယစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား ဆန်နှင့် အခြေခံစားကုန်များ ထောက်ပံ့

**ပဲခူး စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်နှင့် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရအတွက် အလွန်အရေးပါသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ မိမိတို့၏ ဌာနရည်မှန်းချက်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကောင်းမွန်ခဲ့သော သမိုင်းဂုဏ်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မခံရစေရေး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်သွားလာကြရန်နှင့် အခက်အခဲရှိပါက ဝိုင်းဝန်းကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဆန် ၁၈ အိတ်၊ ဆီ ၂၁၅ ဘူး၊ ကုလားပဲ သုံးအိတ်၊ ဆားသုံးအိတ်တို့ကို ထောက်ပံ့ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက လက်ခံယူကြောင်း သိရသည်။

တင်စိုး(ပဲခူး)




# မြိတ်မြို့၌ ငွေကျပ် ၂၄၇၅ သိန်း အသုံးပြုပြီး နှစ်လုံးတွဲ LED လမ်းလယ်မီးတိုင်များ စိုက်ထူ

**မြိတ် စက်တင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ လျှပ်စစ်ကဏ္ဍတိုးတက်ရေး၊ ညပိုင်းအချိန်များတွင် သွားလာလျက်ရှိသည့် ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေး အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ငွေကျပ် ၂၄၇၅ သိန်းဖြင့် လမ်းမကြီးသုံးလမ်းတွင် နှစ်လုံးတွဲ LED လမ်းလယ်မီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။



လမ်းလယ်မီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းကို ၂၀၂၀– ၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး မီးတိုင်မှာ ကိုးမီတာအမြင့်ရှိ၍ ဝပ် ၁၅၀ LED မီးသီး တပ်ဆင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကို Grace Light ကုမ္ပဏီလီမိတက်မှ ဩဂုတ်လမှစတင်၍ တာဝန်ယူဆောင်ရွက်လျက် ရှိကြောင်း မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

လမ်းလယ်မီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းကို မြိတ်မြို့ ရှမ်းချောင်းလမ်းမကြီး (တောရကျောင်းလမ်းဆုံမှ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် လမ်းဆုံထိ) မီးတိုင် ၇၀ နှင့် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် မြို့သစ်လမ်းမကြီးတစ်လျှောက် (မြို့သစ်တံတားထိပ်လမ်းဆုံမှ စန်းသီရိလမ်းဆုံ၊ စန်းသီရိလမ်းဆုံမှ ဘုရားကိုင်လမ်းဆုံထိ) မီးတိုင် ၃၆ တိုင် စုစုပေါင်း ၁၀၆ တိုင်ကို စိုက်ထူဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(မြိတ်)

# ပန်းတနော်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**ပန်းတနော် စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားအစိုးရဝန်ထမ်းပင်စင်စားများအား ပင်စင်လစာငွေများ ထုတ်ပေးခြင်းကို စက်တင်ဘာ ၂၁ ရက်မှစတင်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပန်းတနော်မြို့နယ်အတွင်းရှိ ပင်စင်စားများ ပင်စင်လစာငွေများ လာရောက်ထုတ်ယူရာတွင် အဆင်ပြေစေရေးအတွက် စက်တင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၈ နာရီ မှ ညနေ ၃ နာရီအထိ ပင်စင်ငွေများကို ထုတ်ပေးလျက်ရှိသည်။ သတ်မှတ်ရက်များ၌ လာရောက်မထုတ်ယူနိုင်သော ပင်စင်စားများအား အောက်တိုဘာလ ဆန်းပိုင်းတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ပန်းတနော်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသူ ၁၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

*စာမျက်နှာ ၁၈ မှ*

ဒီတော့ ကာကွယ်ဆေး တစ်ခုအနေနဲ့ ဒီအရေးပေါ် အသုံးပြုခွင့်စာရင်းထဲပါဖို့က အလွန်ခက်ခက်ခဲခဲနဲ့ အဆင့်ပေါင်းများစွာ ဖြတ်သန်းရတာ ဖြစ်ပါတယ်။ ဒီလို အဆင့်ဆင့်ကျော် ဖြတ်ပြီးတာတောင် ဆက်လက်ပြီး ကာကွယ်ဆေးတွေရဲ့ ဘေးကင်းလုံခြုံမှု၊ အာနိသင်ထက်မြက်မှုနဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာအဖွဲ့ အစည်းတွေက ဆန်းစစ်ကြီးကြပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။

လက်ရှိထိုးနှံနေတဲ့ ကာကွယ်ဆေး Covishield၊ Sinovac နဲ့ Sinopharm တွေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ဆေးတွေဖြစ်ပြီး စိတ်ချလက်ချထိုးနှံဖို့ လိုပါတယ်။ ဆေးရုံတက်ရောက်ရမှု၊ ရောဂါပြင်းထန်မှုတွေက အခုလို ‘ဒယ်လ်တာ’ ဖြစ်တဲ့အချိန်မှာ သိသိသာသာ လျော့ချနိုင်တဲ့အတွက် ကာကွယ်ဆေးရဲ့ ကောင်းကျိုးတွေက အများကြီးဖြစ်ပါတယ်။

မေး ။ ။ လူမှုကွန်ရက်စာမျက်နှာမှာ ကာကွယ်ဆေးတွေနဲ့ဆိုင်တဲ့ သတင်းအမှားတွေ အမျိုးမျိုးထွက်ပေါ်နေတာနဲ့ပတ်သက်ပြီး ပြောကြားပေးပါ။

ဖြေ ။ ။ ကာကွယ်ဆေးတွေရဲ့ သတင်းအမှားနဲ့ပတ်သက်ပြီး ဆေးသုတေသနပညာရှင်လောကမှာ လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့တဲ့ အဖြစ်အပျက်တစ်ခုရှိပါတယ်။ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးတွေကို ၁၉၉၈ ခုနှစ်မှာ အင်္ဂလန်က သုတေသနပညာရှင်တစ်ယောက်က Lancet ဆိုတဲ့ နာမည်ကြီးဆေးပညာဂျာနယ်မှာ ရေးလိုက်တယ်။ ဒီကာကွယ်ဆေးကို ထိုးထားရင် ကလေးတွေမှာ ဦးနှောက်အာရုံကြောဖွံ့ဖြိုးမှုအားနည်းတဲ့ရောဂါ Autism နဲ့ပတ်သက်တဲ့ ရောဂါတစ်ခုခု ဖြစ်ပွားနိုင်ပြီး အူမကြီးရောင်တဲ့ရောဂါတွေ ဖြစ်ပွားနိုင်တယ်ဆိုပြီး ရေးလိုက်ပါတယ်။

သူတို့နိုင်ငံတွေမှာ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး လက်မခံတဲ့သူတွေရှိတဲ့အတွက် ဒီကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဆိုးကျိုးတွေကို ပုံကြီးချဲ့ပြီး ပြောကြပါတယ်။ မီဒီယာတွေကလည်း ပြောကြတော့ အားလုံးက စိုးရိမ်သွားကြပါတယ်။ တကယ်တမ်း ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးဆိုတာ ကိုယ်ဝန်ဆောင်တွေနဲ့ ကလေးငယ်တွေအတွက် အလွန်ကောင်းတဲ့ ကာကွယ်ဆေးဖြစ်ပါတယ်။ နောက်ဆုံးကမ္ဘာတစ်ဝန်းမှာရှိတဲ့ သုတေသနအချက်အလက်တွေကို စုစည်းပြီး ဒီလို ဆိုးကျိုးတွေဖြစ်တာ မဟုတ်ဘူးဆိုပြီး ပြန်ရှင်းလင်းရပါတယ်။ နောက်ဆုံး Lancet ဂျာနယ်ကလည်း ဂျာနယ်ထဲမှာ ဖော်ပြပြီးသားစာတွေကို ပြန်ဖြုတ်သွားရပါတယ်။ ရေးသားတဲ့ သုတေသနပညာရှင်လည်း မကောင်းဘူးဖြစ်သွားပါတယ်။ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ ကောလာဟလဆိုတာ အခုမှထွက်တာ မဟုတ်ပါဘူး။ ဒါကြောင့် သတင်းအမှားတွေကို မယုံကြည်ဖို့လိုပါတယ်။

နိုင်ငံတကာမှာ နိုင်ငံခေါင်းဆောင်တွေ အပါအဝင် လတ်တလောပြောဆိုနေကြတာက လက်ရှိဖြစ်နေတဲ့ ကိုဗစ်–၁၉ ကပ်ရောဂါက ပုံစံပြောင်းသွားပြီလို့ဆိုပါတယ်၊ “the only pandemic among the unvaccinated” ဆိုပြီးဖြစ်ပါတယ်။ ကာကွယ်ဆေး မထိုးထားတဲ့သူတွေဆီမှာ ကပ်ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်ပွားမှုတွေများတယ်၊ ကာကွယ်ဆေးထိုးထားသူတွေဆီမှာ ကပ်ရောဂါက သိပ်ပြင်းပြင်းထန်ထန်မဖြစ်တော့ဘူးလို့ ဆိုတဲ့ သဘောကို တင်စားပြီးပြောတာဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာရရှိနေတဲ့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးတွေက ပထမအဆင့် ထုတ်လုပ်တဲ့နိုင်ငံရဲ့ FDA/ NRA အသိအမှတ်ပြုထားခြင်း၊ ဒုတိယအဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရေးပေါ်အသုံးပြုခွင့် စာရင်းထဲမှာပါဝင်ခြင်း၊ တတိယအဆင့် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနရဲ့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသိအမှတ်ပြုခြင်းတွေ ရရှိထားတဲ့အပြင် ကမ္ဘာအနှံ့ နိုင်ငံပေါင်းများစွာမှာ လူသန်းပေါင်းများစွာကို ထိုးနှံပြီးတာဖြစ်တဲ့အတွက် ဘေးကင်းစိတ်ချရမှုနှင့် အာနိသင်ထက်မြက်မှုတွေရှိတဲ့အတွက် ယုံယုံကြည်ကြည်နဲ့ ထိုးနှံမှုခံယူသင့်ပါတယ်။

ကာကွယ်ဆေးထိုးနှံခြင်းသည် ရေရှည်မှာ ဒီရောဂါအန္တရာယ်မှ ကင်းဝေးမှာဖြစ်ပြီး လူတိုင်းမှာ ရောဂါကို တုံ့ပြန်နိုင်တဲ့ကိုယ်ခံအားတွေ၊ ပဋိပစ္စည်းတွေရှိနေရင် ရောဂါက ကူးချင်သလို ကူးလို့မရတော့ပါဘူး။ မျိုးဗီဇပြောင်းတာတွေ လျော့သွားမယ်။ ဒီတော့ ကာကွယ်ဆေး လွှမ်းခြုံမှုအားကောင်းဖို့လိုပါတယ်။ အခုလို နိုင်ငံတော်က အခမဲ့ထိုးနှံပေးနေတဲ့အချိန်မှာ ကိုယ့်အလှည့်ရောက်ပြီဆိုတာနဲ့ မပျက်မကွက်အကြိမ်ပြည့်ထိုးနှံခြင်းခံယူသင့်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက နောက်ထပ် ကာကွယ်ဆေးထိုးနှံဖို့ လူအုပ်စုတွေကို တိုးချဲ့ပြီး စက်တင်ဘာ ၁၇ ရက်မှာ ထုတ်ပြန်ထားတာရှိပါတယ်။ အသက် ၅၅ နှစ်အထိ အသက်အုပ်စုကို လျှော့ချပြီး မသန်စွမ်းသူတွေအုပ်စု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက တပ်ဖွဲ့ဝင်နဲ့ မိသားစုဝင်တွေအုပ်စု၊ ရွှေ့ပြောင်းလူအုပ်စုများနှင့် ယာယီစခန်းများမှ လူအုပ်စု၊ နာတာရှည်နှင့် မကူးစက်နိုင်သောရောဂါရှိသူများအုပ်စုတွေကို တိုးချဲ့ကြေညာထားပါတယ်။

ဒါကြောင့် ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံကြပါ။ ဆေးထိုးစုရပ်ကို လာတဲ့အခါမှာ မှတ်ပုံတင် သို့မဟုတ် သက်သေခံနိုင်တဲ့ အထောက်အထားတစ်ခုခု ယူသွားဖို့ မမေ့ပါနဲ့။ ပထမအကြိမ်ထိုးပြီးသူတွေက ဒုတိယအကြိမ်မဖြစ်မနေ လာထိုးကြပါ။ ဒုတိယအကြိမ်ကို သတ်မှတ်ရက် အတိအကျ မထိုးနှံနိုင်ပါကလည်း အနီးဆုံး သတ်မှတ်ကာလအတွင်း နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ထိုးနှံခြင်း ခံယူကြပါ။ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးပါက ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးတဲ့ QR Code ပါသည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုး မှတ်တမ်းကတ်ပြားများကို မပျောက်ပျက်အောင် သိမ်းထားပေးကြပါလို့ တင်ပြလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

## ခင်ဦးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော် ရေနစ်မြုပ်

**ခင်ဦး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၃ ရက်ထိ မိုးစပါးစိုက်ဧက ၁၀၀၀၀ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် စက်တင်ဘာ ၂၁ ရက်က ရွာသွန်းသော မိုးရေချိန်မှာ ၃ ဒသမ ၀၈ လက်မ ရွာသွန်းခဲ့သဖြင့် မူးတိမ်ချောင်း ရေလျှံမှုနှင့် စက်တင်ဘာ ၂၂ ရက်တွင် မောရချောင်း ရေဝင်ရောက်မှုကြောင့် ပင်တင်းကန်ကျိုးပေါက်ခဲ့ပြီး မိုးစပါးစိုက်ခင်းများ ရေနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ခင်ဦးမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၂၄ အုပ်စု၊ တောင်သူပေါင်း ၃၁၄၀၊ မိုးစပါး စိုက်ဧက ၁၃၁၉၆ ဧက ရေလွှမ်းမိုး နစ်မြုပ်လျက်ရှိကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက သိရသည်။ **စိုးဝေအောင်(ပြန်/ဆက်)**



UNWTO
World Tourism Organization
ကမ္ဘာ့ခရီး
Be enchanted
WORLD TOURISM DAY 2021
TOURISM FOR INCLUSIVE GROWTH
"ကမ္ဘာ့စုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး"
၂၇ - ၉ -၂၀၂၁

## အမ်းမြို့နယ်၌ နေရပ်စွန့်ခွာသူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**အမ်း စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက ဒါးလက်ကျေးရွာ အုပ်စုနှင့် ကဇုကိုင်းကျေးရွာအုပ်စုတို့မှ နေရပ်စွန့်ခွာသူ (ရခိုင်တိုင်းရင်းသား၊ ချင်းတိုင်းရင်းသား) များအား အိမ်ထောင်စု လူဦးရေစာရင်း မွေးတိုး/သေဆုံး/ပယ်ဖျက်/ မိတ္တူ စုစုပေါင်း ၂၉ ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၁၃၈ ဦးကို တတိယအကြိမ်မြောက် စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် အိမ်ခြေ ၂၅ လုံး ယာယီရွှေ့ပြောင်း

**ပခုက္ကူ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် အိမ်ခြေ ၂၅ လုံးမှာ ယမန်နေ့က ယာယီရွှေ့ပြောင်းထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ရေတိုက်စားကာ မြစ်ကမ်းပါးပြိုကျမှုကြောင့် ကျွန်းညိုရွာသစ်ကျေးရွာရှိ လူနေအိမ်ခြေ ၂၂ လုံးနှင့် လူဦးရေ ၉၀၊ ကျပ်တန်းကုန်းကျေးရွာရှိ လူနေအိမ်ခြေ သုံးလုံးနှင့် လူဦးရေ ၁၃ ဦး စုစုပေါင်း လူနေအိမ်ခြေ ၂၅ လုံးနှင့် လူဦးရေ ၁၀၃ ဦးမှာ ရေလွတ်ရာနေရာများသို့ ခေတ္တယာယီရွှေ့ပြောင်းထားပြီး မိမိတို့၏နီးစပ်ရာ ဆွေမျိုးနေအိမ်တွင်သာ မှီခိုနေထိုင်ကြရကြောင်း သိရသည်။

မြစ်ကမ်းပါး ပြိုကျရာသို့ ပခုက္ကူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်သူနှင့်အဖွဲ့ဝင်များက သွားရောက်ကာ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြပြီး ယာယီရွှေ့ပြောင်း အိမ်ခြေအရေအတွက်၊ အိမ်အမျိုးအစား၊ လူဦးရေစာရင်းများနှင့် စိုက်ပျိုးမြေကေဆုံးရှုံးမှု စာရင်းများကို စနစ်တကျစာရင်း ပြုစုရယူကြသည်။

အဆိုပါ မြစ်ရေတိုက်စားမှုကြောင့် ယာယီရွှေ့ပြောင်းရသည့် လူနေအိမ်များနှင့် မိသားစုဝင်များအတွက် အမြန်ဆုံးကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဆလိုင်းကိုကီး (ပြန်/ဆက်)**



ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကို တွေ့ရစဉ်။

## ညောင်လေးပင်မြို့၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၆၃ ဦးအား လူမှုရေးပင်စင်ထောက်ပံ့

**ညောင်လေးပင် စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက်သက်ကြီးဘိုးဘွားများအား သုံးလစာအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ညောင်လေးပင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ ၆၁ အုပ်စုမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၆၃ ဦးအတွက် ဇွန်၊ မေ၊ ဇွန် တတိယသုံးလပတ်အတွက်တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၁၈ သိန်း ၉ သောင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါထောက်ပံ့ငွေများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ကြီးဘိုးဘွားများလက်ဝယ်အရောက် ပေးအပ်မည်ဖြစ်သည်။

**နေလင်း(ညောင်လေးပင်)**

## ကြံခင်းမြို့ အောက်ဆီဂျင်စက်ရုံအတွက် Booster စက်ရောက်ရှိပြီး စက်စမ်းသပ်လည်ပတ်

**ကြံခင်း စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံအတွက် Booster စက်သည် ယမန်နေ့ညနေပိုင်းက ကြံခင်းမြို့ မြို့ဦးရပ်ရှိ အောက်ဆီဂျင်စက်ရုံနေရာသို့ ရောက်ရှိလာ၍ စက်ရုံမှ သတ်မှတ်နေရာတွင် ထားရှိပြီး တပ်ဆင်မှုများ ပြုလုပ်ခြင်း၊ စက်စမ်းသပ်လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။



စက်လည်ပတ်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က စက်လည်ပတ်မှုနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအောက်ဆီဂျင်စက်သည် ကြံခင်းမြို့နေပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော အောက်ဆီဂျင်စက်ရုံဖြစ်ကာ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၆၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် ကြံခင်းပြည်သူ့ဆေးရုံအတွက်သာမက မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများအတွက်ပါ အောက်ဆီဂျင်များ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သီပေါမြို့နယ်တွင် တောင်သူများအား မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီးစီး

**သီပေါ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်းမှ တောင်သူများအား ၂၀၂၁ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ မြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေလမှစတင်၍ ချေးငွေများထုတ်ချေးပေးခဲ့ရာ ယခုအခါ အားလုံးထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ချေးငွေများထုတ်ချေးပေးရာတွင် ၂၀၂၁ ခုနှစ်အတွက် စိုက်ပျိုးစရိတ်များကို ကျေးရွာအုပ်စု ၃၅ အုပ်စုမှ တောင်သူ ၃၆၃၉ ဦးကို ငွေကျပ်သိန်းပေါင်း ၂၅၈၉၁ ကို ထုတ်ချေးပေးခဲ့ပြီး ကျေးရွာ ၇၆ အုပ်စုမှ မိုးသီးနှံ စိုက်ပျိုးမည့် တောင်သူများအား စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အပြီးသတ်ထုတ်ချေးပေးပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာထံမှသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

စစ်တွေ စက်တင်ဘာ ၂၃

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ကျန်းမာရေးနှင့် ပြည်နယ်ဆေးရုံကြီးဝန်ထမ်းများ၊ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ယခုအချိန်တွင် သက်ဆိုင်ရာ ဌာနအကြီးအကဲများ၏ ကြီးကြပ်ကွပ်ကဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ အပင်ပန်းခံမှု၊ ပြည်သူများ၏ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ပူးပေါင်းလိုက်နာမှု၊ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ကြိုးစားဆောင်ရွက်မှုကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနည်းပါးလာသည်ကို တွေ့ရှိရပါကြောင်း၊ ကိုဗစ်ရောဂါကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် စစ်တွေဆေးရုံကြီးအပါအဝင် ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအားလုံး၏ ကြိုးစားအားထုတ်မှု၊ အနစ်နာခံမှုများကို ပြည်နယ်အစိုးရအဖွဲ့က ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများကိုယ်စား များစွာကျေးဇူးတင်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ကြသည့်အခါ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အသက်ဆုံးရှုံးမှု၊ ရောဂါကူးစက် ခံခဲ့ရမှုများရှိခဲ့သည်ကို ကိုယ်ချင်းစာ လေးစားဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ကျန်းမာရေးနှင့် ပြည်နယ်ဆေးရုံကြီးဝန်ထမ်းများ၊ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်ချီးမြှင့်ထောက်ပံ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာတို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစခန်း ရပ်(၁)၊ စစ်တွေဆေးရုံကြီး၌ အသက် ၅၅ နှစ်နှင့် အထက်ပြည်သူများနှင့် ဦးတည်အုပ်စုတွင် ပါဝင်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအား သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တန့်ယန်း၌ တစ်ရက်လျှင် လီတာ ၄၀ အောက်ဆီဂျင် အိုး ၃၆ လုံး ထုတ်လုပ်ပေးနိုင်မည့် အောက်ဆီဂျင်စက်ရုံဖွင့်

**တန့်ယန်း စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော အောက်ဆီဂျင်များ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်နှင့် အောက်ဆီဂျင် ပြတ်လပ်မှု မရှိစေရေးအတွက် စေတနာရှင် အလှူရှင် မိဘပြည်သူများ ပါဝင်လှူဒါန်းမှုဖြင့် ဆောင်ရွက်သော အောက်ဆီဂျင်စက် တပ်ဆင်ပြီးစီး၍ စက်ရုံဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ စက်ရုံအဆောက်အအုံ၌ ကျင်းပသည်။




အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ စစ်ဗျူဟာမှူးကြီး ဗိုလ်မှူးကြီး ခွန်အောင်သွင်က အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ခဲ့မှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အခွန်ဦးစီးမှူး ဦးကျော်သူက အောက်ဆီဂျင်စက်ရုံ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အောက်ဆီဂျင်စက်ရုံကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းခမ်းမန်၊ မြို့မိမြို့ဖ ဦးစိုင်းဆန်စိန်နှင့် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (ဝဲပုံ) စက်ရုံတည် အတွင်း လှည့်လည်ကြည့်ရှုသည်။

ယခု တပ်ဆင်ပြီးစီးသည့် အောက်ဆီဂျင်စက်မှ တစ်ရက်လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး ၃၆ လုံး ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ မြို့နယ်ရှိအောက်ဆီဂျင်လိုအပ်သည့် ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ပရဟိတအသင်းအဖွဲ့များနှင့် အခြားပုဂ္ဂလိက လိုအပ်သူများကို ဖြည့်သွင်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## ရသေ့တောင်မြို့ရှိ အောက်ဆီဂျင်စက်ရုံကို စက်တင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်မည်

**ရသေ့တောင် စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အောက်ဆီဂျင်စက်ရုံ၌ အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက အဆိုပါအောက်ဆီဂျင်စက်ရုံအတွင်း၌ ကျင်းပသည်။

**ပရိတ်တရားတော်များရွတ်ဖတ်**

အခမ်းအနားတွင် ရသေ့တောင်မြို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စေတီယင်္ဂဏကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဦးပညာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုများအား ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**စက်တင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်သွားမည်**

အဆိုပါ အောက်ဆီဂျင်စက်ရုံမှာ ရသေ့တောင်မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ပြည်သူ့ဆေးရုံးဝင်းအတွင်း၌ တည်ဆောက်ထားရှိပြီး စက်တင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်စံထွန်း (ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၆၈ ဦးအား မော်တော်ယာဉ်များဖြင့် နေရပ်သို့ ပြန်လည်ပို့ဆောင်

**တာချီလိတ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)နှင့် ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ပြန်ဝင်လာကြသည့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများမှ နေရပ်ပြန်ပြည်သူ ၁၆၈ ဦးအား ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်သဖြင့် ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးကြောင်း သိရသည်။



နေရပ်ပြန်ပြည်သူများအား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

အဆိုပါ နေရပ်ပြန်ပြည်သူများသည် စက်တင်ဘာ ၁၈ ရက်က လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံများမှ လွှဲပြောင်းပေးလာသည့် နေရပ်ပြန်ပြည်သူများဖြစ်ပြီး ၎င်းတို့အား တာချီလိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ပိုးရှိ/ မရှိ RDT ဖြင့် ပထမအကြိမ် စစ်ဆေးခဲ့ပြီး ဝမ်လုံးစင်တာတွင် အသွားအလာကန့်သတ် စောင့်ကြည့်ထား၍ တတိယမြောက်နေ့တွင် နှာခေါင်းနှင့် အာခေါင်တို့ဖတ်ခတ်ခွဲနမူနာများရယူကာ တောင်ကြီးမြို့သို့ ပို့ဆောင်၍ ဒုတိယအကြိမ် စစ်ဆေးဆောင်ရွက်ခဲ့ရာ စစ်ဆေးချက်အဖြေအရ နေရပ်ပြန်ပြည်သူ ၆၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသည်။ အဆိုပါ ပိုးတွေ့ရှိသူများကို ဝမ်လုံးကုသရေးစင်တာတွင် ဆက်လက်၍ သီးခြားထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဒုတိယအကြိမ် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီး ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်သူအမျိုးသား ၁၁၇ ဦးနှင့် အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၆၈ ဦးအား စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်း၊ တာချီလိတ်မြို့ရှိ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများက နေရပ်ပြန်ပြည်သူများကို အစားအသောက်များ ဝေငှပေးခြင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ သက်ဆိုင်ရာ နေရပ်ဒေသများသို့ မော်တော်ယာဉ်များ စီစဉ်ပေးပြီး အခမဲ့ပို့ဆောင်ပေးကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျမှု တဖြည်းဖြည်းလျော့နည်းကျဆင်းလာ

**ပွင့်ဖြူ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် စက်တင်ဘာလဆန်းပိုင်းက နေ့စဉ်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် မှီခိုအားထားရသည့် ကြီးအုံကြီးဝတမံတွင် မိုးရေဝင်ရောက်မှုများပြီး တမံရေပိုလွှဲမှ သုံးပေခွဲခန့်အထိ ရေကျော်ကျမှုများရှိခဲ့ကာ ယခုအခါ မိုးရွာသွန်းမှုရပ်တန့်သွားပြီဖြစ်၍ တမံရေပိုလွှဲမှ ရေကျော်ကျမှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာပြီး ယနေ့နံနက် ၆ နာရီတွင် တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ ၂ ဒသမ ၈ ပေခန့်သာ ရေကျော်ကျလျက်ရှိကြောင်း အဆိုပါကြီးအုံကြီးဝတမံမှ တာဝန်ခံ(AE) ဦးစိုးတင့်ထံမှ သိရသည်။



"ပြီးခဲ့တဲ့ရက်တွေက တမံရေပိုလွှဲမှ သုံးပေခွဲခန့် ရေကျော်ကျမှုတွေရှိခဲ့လို့ အရေးပေါ်အခြေအနေ အဆင့်(၁) သတ်မှတ်ပြီး အစိမ်းရောင်အလံစိုက်ထူပြီး တမံအောက်ဘက်ကျေးရွာတွေက ဒေသခံပြည်သူတွေကို ကြိုတင်အသိပေးနှိုးဆော်ထားရှိခဲ့ပါတယ်။ ခုတော့ မိုးရွာသွန်းမှုက ရပ်တန့်သွားပြီဖြစ်လို့ ရေကျော်ကျမှုလည်း တဖြည်းဖြည်း လျော့နည်းကျဆင်းသွားပါပြီ။ ဒီနေ့နံနက် ၆ နာရီ တိုင်းထွာရာမှာ တမံရေပြည့်မှတ်ဖြစ်တဲ့ ပေ ၃၄၀ အထက် ရေပိုလွှဲက နေ ၂ ဒသမ ၈ ပေခန့်သာ ရေကျော်ကျမှု ရှိပါတော့တယ်။ ဒါကြောင့် တမံရေပိုလွှဲ မှ ရေကျော်ကျမှုအနေနဲ့ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိတော့ပါဘူး" ဟု တာဝန်ခံက ပြောသည်။ တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်မှုအခြေအနေကို အများပြည်သူသိရှိနိုင်ရေးအတွက် အွန်လိုင်းမှ တစ်ဆင့်လည်း အသိပေးကြေညာထားကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်နိုင်သည့် ဆည်တစ်ခုဖြစ်ကာ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လွှတ်ပြီး ထွက်ရှိသော လျှပ်စစ်ဓာတ်အားများကိုလည်း မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးလျက်ရှိသည်။ ထို့အပြင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နှမ်း၊ မိုး၊ ဆောင်း သီးနှံများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်သို့ ရေများပို့လွှတ်ကာ ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက် ဖြန့်ဝေပေးနေသဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် အဓိကမှီခိုအားထားရသည့် တမံတစ်ခုဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## တိုင်းရင်းသားကျေးရွာ ရှစ်ရွာရှိ အိမ်ထောင်စု ၁၂၀၀ အတွက် အခြေခံစားသောက်ကုန်များ လှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စုအတွင်း တောင်ပေါ်တိုင်းရင်းသားကျေးရွာ ရှစ်ရွာရှိ အိမ်ထောင်စုပေါင်း ၁၂၀၀ အတွက် အခြေခံစားသောက်ကုန်များကို မိုးမိသားစုကုမ္ပဏီနှင့် ရွှေမိုင်းဟဲ မိသားစုတို့က စက်တင်ဘာ ၂၂ ရက်တွင် တတိယအကြိမ်အဖြစ် သွားရောက်လှူဒါန်းသည်။



ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း စားဝတ်နေရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော တောင်ပေါ်နေ တိုင်းရင်းသား လားဟူ၊ အာခါ၊ ပလောင်နှင့် ရှမ်းလူမျိုးအများစု နေထိုင်သည့်ရွာများမှ အိမ်ထောင်စု ၁၂၀၀ အတွက် တစ်အိမ်ထောင်လျှင် ထိုင်းဘတ်ငွေ ၂၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် အခြားအခြေခံ စားသောက်ကုန်ပစ္စည်းများကို အလှူရှင်မိသားစုများက တတိယအကြိမ် ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါ အလှူရှင်မိသားစုများသည် တာချီလိတ်မြို့နယ်ထဲမှ တောင်ပေါ်တိုင်းရင်းသားကျေးရွာများသို့ ပထမအကြိမ်အဖြစ် စက်တင်ဘာ ၁၇ ရက်က ၂၇ ရွာ၊ ဒုတိယအကြိမ်အဖြစ် ၂၄ ရွာကို လှူဒါန်းခဲ့ပြီး ယနေ့လှူဒါန်းသည့် ရှစ်ရွာ အပါအဝင် စုစုပေါင်း ၅၉ ရွာကို လှူဒါန်းခဲ့ပြီးဖြစ်ကာ ဆက်လက်ထောက်ပံ့လှူဒါန်းသွားရန်လည်း စီစဉ်ထားကြောင်း ကုမ္ပဏီမှတာဝန်ရှိသူ ဦးကျော်နူးထံကသိရသည်။

**ယာဆေး(ပြန်/ဆက်)**

## ဝန်းသိုမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်မည်

**ဝန်းသို စက်တင်ဘာ ၂၃**

ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ပြည်သူများစွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြတ်မျိုးထွန်းက ဝန်းသိုမြို့နယ်အတွင်းမှ ပြည်သူများမှာ လယ်ယာလုပ်၊ ကောက်စိုက်၊ ပျိုးနုတ်၊ စပါးရိတ်သိမ်းချိန်ပြီးလျှင် အလုပ်အကိုင်မရှိကြသဖြင့် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ယခုလို သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဝန်းသိုမြို့နယ်တွင် လာမည့် ကြားကာလခြောက်လ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ ပြည်သူများအတွက် အခြေခံစက်ချုပ်သင်တန်းတစ်ခု၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှစ်ခုတို့ကို ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ကျော်မြိုင်**



## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၂၃**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့ပေါ်ရှိ ကဘာရန်ခူးရပ်ကွက်မှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်းခင်းစီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက ကွင်းဆင်းပြုလုပ်ပေးသည်။ မြို့နယ်လဝကဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး အသက် ၁၀ နှစ်ပြည့်ပြီးသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလဲလှယ်သူများအား အထောက်အထားများနှင့် တိုက်ဆိုင်စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**မြဝတီ စက်တင်ဘာ ၂၃**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူ ပြည်သူများအား ယနေ့တွင် တတိယအသုတ် ပထမအကြိမ် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးသည်။ မြို့နယ်အတွင်းရှိ ဦးစားပေးအုပ်စုများအား မြဝတီခရိုင်ကျန်းမာရေးဝန်ထမ်းများက စက်တင်ဘာ ၂၂ ရက်မှစတင်၍ စုရပ် ခုနစ်နေရာတွင် ထိုးနှံပေးခြင်းဖြစ်ကာ ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်လွင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။

မြဝတီမြို့နယ်အနေဖြင့် ကိုဗစ်ကာကွယ်ဆေး တတိယအသုတ် ပထမအကြိမ်ထိုးနှံပေးခြင်းတွင် စက်တင်ဘာ ၂၂ရက်ကလည်း ကာကွယ်ဆေး လာရောက်ထိုးနှံသူ စုစုပေါင်း ၃၈၅၀ ရှိကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

## ရေနုတ်မြောင်းနှင့် ကွန်ကရစ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိုးနဲ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၏ ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေမှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မိုးနဲမြို့နယ် ဟော်ဝင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် အုတ်စီရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လာရောက်ကြည့်ရှုသည်။ ကွန်ကရစ်လမ်းအရှည် ပေ ၂၂၀၊ အကျယ် ပေ ၂၀ ကို ပြည်နယ်စည်ပင်သာယာရေးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၆ သိန်းနှင့် အုတ်စီရေနုတ်မြောင်း အရှည်ပေ ၂၁၀၊ အကျယ်နှင့် အနက် တစ်ပေခွဲစီကို ခွင့်ပြုရန်ပုံငွေကျပ် ၇၂ သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး

**သံတောင်ကြီး စက်တင်ဘာ ၂၃**

သံတောင်ကြီးမြို့နယ်အတွင်းမှ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် တောင်ဇလဲကျေးရွာနှင့် ဖြတ်လမ်းကူးကျေးရွာတို့အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆိုပါ ကျေးရွာများ၌ စက်တင်ဘာ ၂၂ရက်က ထုတ်ချေးပေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်ဇလဲကျေးရွာရှိ အသင်းသား ၅၈ ဦးအား စီမံကိန်းသတ္တမနှစ်စက်ဝန်းအဖြစ် ငွေကျပ် ၄၁ ဒသမ ၇၆၄ သန်းနှင့် ဖြတ်လမ်းကူးကျေးရွာရှိ အသင်းသား ၆၀ အား စီမံကိန်းပဉ္စမနှစ်စက်ဝန်းအဖြစ် ငွေကျပ် ၃၅ သန်းကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုပြည့်(ကျေးလက်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မိုင်းပျဉ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက် ကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေနှင့် ဆန်၊ ဆီ၊ ကုလားပဲများ လှူဒါန်း

**မိုင်းပျဉ်း စက်တင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ၊ ကျိုင်းတုံမြို့မှ မိုင်းပျဉ်းမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက် ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းကျောင်း၊ စာသင်ဆောင်နှင့် နှစ်ထပ်အိပ်ဆောင် အပြီးသတ်ဆောက်လုပ်ရန် အလှူငွေကျပ် ၁၆၆ သိန်းကျော်နှင့် ဆန်၊ ဆီ၊ ကုလားပဲများအား ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်သို့ လာရောက်ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ရှေးဦးစွာ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်လာသော ဧည့်ပရိသတ်အပေါင်းက ထေရဝါဒဗုဒ္ဓသာသနာပြု ဇဟိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီရိဓမ္မထံမှ ငါးပါးသီလခံယူဆောက်တည်သည်။

ထို့နောက် တပ်မတော်မှ ဗိုလ်မှူးကြီးကျော်ဇော၊ ဒုတိယဗိုလ်မှူးကြီး စောဝင်းနိုင်၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ ကျိုင်းတုံမှ ဒေသကြီးကြပ်ရေးမှူး ဦးသီဟဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် တာဝန်ရှိသူတို့က ထေရဝါဒဗုဒ္ဓသာသနာပြုဇဟို ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင် အခြေခံ ပညာမူလတန်းကျောင်း၊ စာသင်ဆောင်နှင့် နှစ်ထပ်အိပ်ဆောင်အပြီးသတ်ဆောက်လုပ်ရန် အလှူငွေကျပ် ၁၆၆ သိန်းကျော်နှင့် ငွေကျပ်လေးသိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ ကုလားပဲတို့အား ဆရာတော်ဘဒ္ဒန္တသီရိဓမ္မထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဧည့်ပရိသတ်အပေါင်းက ဆရာတော်ဘဒ္ဒန္တသီရိဓမ္မထံမှ ရေစက်ချ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

အဆိုပါ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းကျောင်း၊ စာသင်ဆောင် အလျား ၄၈ ဒသမ ၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၀ ပေနှင့် နှစ်ထပ်အိပ်ဆောင် အလျား ၃၃ ဒသမ ၅ ပေ၊ အနံ ၁၆ ဒသမ ၅ ပေ၊ အမြင့်ပေ ၂၀ ကို အပြီးသတ်ဆောက်လုပ်နိုင်ရန် လိုအပ်လျက်ရှိသော အဆောက်အအုံ အချောကိုင်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ငွေကျပ် ၁၄၇ သန်းကျော်တန် ပူတာအိုမြို့နယ် ရေနီတိုကျေးရွာအဝင် တံတားတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီး

ပူတာအို စက်တင်ဘာ ၂၃

**ကချင်ပြည်နယ် ပူတာအိုမြို့နယ် ရေနီတိုကျေးရွာအဝင် ရေနီတိုချောင်းတွင် ဒေသခံ ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်လာစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏၂၀၂၀-၂၀၂၁ ပြည်နယ်ဘဏ္ဍာ ခွင့်ပြုရန်ပုံငွေဖြင့် သံကူကွန်ကရစ် တံတားအကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်းရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**

ယင်းရေနီတိုချောင်းကူးတံတားကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ပြည်နယ်ဘဏ္ဍာ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၄၇ ဒသမ ၇၄၂ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့်ကုမ္ပဏီက တံတားအရှည်ပေ ၄၀၊ အကျယ်ပေ ၂၀ နှင့် ချဉ်းကပ်လမ်းအပါ သံကူကွန်ကရစ်တံတားအမျိုးအစားကို ဇန်နဝါရီ ၁၅ ရက်မှစတင်၍ ဆောက်လုပ်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် လုပ်ငန်းရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ယခင်က ရေနီတိုချောင်းကူးတံတားသည် ပျဉ်တံတားဖြစ်ခြင်းကြောင့် သုံးဘီးဆိုင်ကယ်နှင့် လူများသာ ဖြတ်သန်းသွားလာနိုင်ခဲ့ပြီး ကုန်တင်ယာဉ်ကြီးယာဉ်ငယ်များသည် ချောင်းကိုဖြတ်၍ တံတားရှောင်ကွင်းလမ်းဖြင့် သွားလာရပြီး မိုးတွင်းကာလတွင် ကုန်တင်ယာဉ်ကြီးယာဉ်ငယ်များ သွားလာရာတွင် များစွာအခက်အခဲများ ဖြစ်ပေါ်ခဲ့ရာ ယခုအခါ သံကူကွန်ကရစ်တံတား ဆောက်လုပ်ပြီးစီးခြင်းကြောင့် ကုန်တင်ယာဉ်ကြီးယာဉ်ငယ်များနှင့် သုံးဘီးဆိုင်ကယ်များ သွားလာရေးတွင် ယခင်ကထက် အဆင်ပြေချောမွေ့နေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါတံတား ဆောက်လုပ်ပြီးစီးခြင်းကြောင့် ပမ္မတီးကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့အတွက် များစွာအထောက်အကူပြုမည့်အပြင် ပူတာအိုလွင်ပြင် ပတ်လမ်းပေါ်ရှိ အရေးပါသောတံတားတစ်စင်းဖြစ်ခြင်းကြောင့် ခရီးသွားပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး ဒေသ၏ထွက်ကုန်များ မြို့ပေါ်သို့တင်ပို့ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးမှ သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**




## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ အုတ်ပုံဆိပ်လမ်း၊ အမှတ်-၃/ကနေ ဒေါ်ဌေးဌေးရီ ၁၀/မလမ(နိုင်)၀၃၇၅၈၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်-၆၆၊ ဘိုကုန်း၊ ဦးပိုင်အမှတ်-၂/င၊ ထာဝရဂရန်အမှတ်-၁၃၄၀၊ ၁၃၄၁၊ ၁၃၄၂၊ ၁၃၄၃ နေ့စွဲ(၃၁-၁၂-၁၈၆၃)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၅၄ဧက အနက် ၀ ဒသမ ၁၉၈ဧကနှင့် မြေပို ၀ ဒသမ ၀၁၀ ဧကရှိမြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော အမှတ်-၁၉/ဘီ၊ သံလွင်ဥယျာဉ်လမ်း၊ ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်တို့ကို ဦးစိန်မောင်၊ ဒေါ်ကြည်၊ ဒေါ်ကျင်သန်း၊ ဒေါ်သိန်းသိန်းဝင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးရီတို့က နေလာပါတီအမွှား(လ်) (ခ) နီလာဝသီထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ကြကြောင်း၊ ဦးစိန်မောင်သည် ၁၉၈၆ ခုနှစ်တွင်လည်းကောင်း၊ ဒေါ်ကြည်သည် ၁၉၈၇ခုနှစ်တွင်လည်းကောင်း ကွယ်လွန်သွားခဲ့ပြီးဖြစ်ကြောင်း၊ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ဒေါ်ကျင်သန်း၊ ဒေါ်သိန်းသိန်းဝင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးရီတို့က တရားဝင်ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီးဖြစ်သော အိမ်မြေဖြစ်ကြောင်း၊ ဒေါ်ကျင်သန်းနှင့် ဒေါ်သိန်းသိန်းဝင်းတို့က ၎င်းတို့သက်ရှိထင်ရှားရှိစဉ်ကာလ တစ်လျှောက် ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝအား တာဝန်ယူစောင့်ရှောက်ပေးရမည်ဟူသော ကတိဝန်ခံချက်ဖြင့် ကျွန်ုပ်မိတ်ဆွေအား ညီအစ်မ သုံးဦးပူးတွဲပိုင်ဆိုင်သော အိမ်မြေကိစ္စအရပ်ရပ်အတွက် နိုတြီပဗ္ဗလစ်ရှေ့မှောက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်-၁၀၁/၁/၂၀၁၉(၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၈ရက်)ရက်စွဲပါဖြင့် လွှဲအပ်ခဲ့သလို ၂၀၁၉ခုနှစ် ဇန်နဝါရီ ၃၀ရက်စွဲပါ အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်ဖြင့် ဒေါ်ကျင်သန်းနှင့် ဒေါ်သိန်းသိန်းဝင်းတို့က ကျွန်ုပ်မိတ်ဆွေထံ စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေတင်ပြသော စာချုပ်စာတမ်းအထောက်အထားများအရ ကျွန်ုပ်တွေ့ရှိရပါသည်။ ဒေါ်သိန်းသိန်းဝင်းသည် ၁-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် နေအိမ်သည် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းက လွတ်လပ်စွာ ပိုင်ဆိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိသော ပစ္စည်းဖြစ်သောကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိုပစ္စည်းအပေါ် ထိခိုက်အရေးဆိုခွင့်မရှိကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
| ဒေါ်ဌေးဌေးရီ | ဦးဖေမြင့်(LL.B) | ဦးနေလင်းထွန်း(LL.B) |
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၈၄၀၂(၂-၁၀-၂၀၁၂) | စဉ်-၁၅၀၄၁(၄-၁၂-၂၀၁၈) |
| | အမှတ်(၃၈)၊ မြလမ်း၊ | အမှတ်(၂၃၁)၊ တံတားပိုင်းရပ်၊ |
| | သီရိမြိုင်ရပ်ကွက်၊ | ဘလောက်-ညောင်ပိုင်းကျေးရွာ |
| | မော်လမြိုင်မြို့ | မုဒုံမြို့ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ် (အေ-၄)၊ အခန်းအမှတ်(၄၀၆)၊ Type (B)၊ Area (၉၀၅)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက် ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်လိမ္မာဘန်အေး ၁၂/ကမရ(နိုင်)၀၅၀၄၉၀ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးဦး**
**၁၂/တမန(နိုင်)၀၅၁၈၈၀**
**ဖုန်း-၀၉-၇၉၁၆၁၇၉၆၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆-ခ/၁)၊ ဦးပိုင်အမှတ်(၁၃၇+၁၃၈)၊ မြေဧရိယာ ၀ ဒသမ ၁၂၉ဧကရှိ မြေကွက်သည် ဦးဌေးဝင်းမှ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ကျော်ကတည်းက ပိုင်ဆိုင်နေထိုင်လာခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး ၎င်း ၏အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်၍ အခွန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အဆိုပါခြံမြေကွက်ကိုပိုင်ဆိုင်ထားကြောင်း၊ မြေယာအရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း၊ ဦးဌေးဝင်း ၇/မလန(နိုင်)၀၀၇၀၃၇အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် ၁၄-၁-၂၀၂၂ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၀/၂၀၂၂)ကို ၁၈-၃-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၈/၂၀၂၂)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန ၂၀၂၂- ၂၀၂၃ (အောက်တိုဘာလမှ မတ်လ)ဘဏ္ဍာရေးနှစ်၊ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် လုပ်ငန်းတင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၁၁-၁၀-၂၀၂၂ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** | - | ၂၆-၁၀-၂၀၂၂ ညနေ ၄:၃၀ နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန မြစ်ကြီးနားမြို့ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၇၄-၂၅၂၂၃၆၉၊ ၀၇၄-၂၅၂၂၃၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည်(၃၂)၊ ဦးပိုင်အမှတ်(၂၇၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အား မူလက ဦးဆွမ်လွတ်လတောင်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၅၉၃/V (၁၉၈၉-၁၉၉၀)အရ ၃၀-၆-၂၀၂၀ရက်အထိ နှစ်(၃၀)ဂရန်ရရှိခဲ့ပါသည်။ ဦးဆွမ်လွတ်လတောင်မှ သားများဖြစ်သော ဦးဆိုင်းဂျာနှင့် ဦးဂျိုးဇက်တို့ ၂ဦးအမည်တို့ကို ဖြည့်စွက်၍ (အမည်ဖြည့်စွက်/အသစ်)လျှောက်ထားလာပါသည်။ ယခုအခါ ဦးဆွမ်လွတ်လတောင်ပါ ၃ဦး ၁/မကန(နိုင်)၀၇၅၆၈အမည်ဖြင့် မြေငှားဂရန်(အမည်ဖြည့်စွက်/အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက် အမှတ်(ဒ-၃)၊ ဦးပိုင်အမှတ်(၁၀၂)၊ ၆၃x၆၄ လမ်းကြား၊ ၃၆x၃၇ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့် ၉/ကဆန(နိုင်)၀၀၅၆၁၆ က သက်တမ်းတိုး လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်ပါသည်။ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင် ပါရှိလာမည့် မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်ပြီး မူလဦးမျိုးမြင့်အမည်ပေါက်အမှုတွဲအမှတ် ၁၈၇/၁၉၉၁-၁၉၉၂ အရ ထုတ်ပေးထားသော ဂရန်စာချုပ် နံပါတ် ၉၉/၁၉၉၁-၁၉၉၂ အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၆)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၆ နှင့် ၆၇ လမ်းကြား၊ အေးမေတ္တာလမ်းနှင့် အေးသုခလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအုန်းမောင် AE-၂၄၆၅၉၈ က တောဂရန်တင်ပြ၍ သက်တမ်းတိုးလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၅၃-D)၊ ဦးဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးသန်းစိုး(ခ)မိုဟာမက်၏သမီးဖြစ်သူ မနီနီစိုး(ခ)မအိုင်ရှားဘီ ၁၂/ဗဟန(နိုင်)၀၈၉၅၀၇ သည် ဖခင်၏ သွန်သင်ဆုံးမစကားတို့ကို မနာခံဘဲ မိဘနှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ)တာဝန်မယူပါ။

**ဦးသန်းစိုး(ခ)မိုဟာမက် ၁၂/ဗဟန(နိုင်)၀၈၁၀၂၀**

## အများသိစေရန်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ်(၅-ဃ)၊ ဧရိယာ ၀ ဒသမ ၀၅၇၄ဧက အကျယ်အဝန်းရှိသော မခင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်သူ ဦးဘငြိမ်း(ဘ) ဦးသုခ ၉/မနမ(နိုင်)၀၂၇၄၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ-၇၉၃၃**
**Office အမှတ်(၁၈၉)၊ လမ်း ၈၀၊ ၁၉x၂၀ကြား၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**
**ladylawyer.khinninisoe@gmail.com**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-5M/2955(Mazada Bongo)၊ ယာဉ်ပိုင်ရှင်အမည်- ခွန်အောင်ကျော် ၁၃/ဟပန(နိုင်)၀၅၂၄၄၁ သည် ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ ၈)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၈

| | |
|---|---|
| ရာစုနှစ်ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် နှင့် (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးတင်ဝင်းကို) | ၁။ ဦးဝင်းတင် ၂။ ဒေါ်ဥမ္မာ |
| **တရားလို** | **တရားပြိုင်များ** |

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီလီမိတက်၏အကျိုးသက်ဆိုင်သူများ အားလုံး သိစေရမည်။

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီလီမိတက်(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးတင်ဝင်းကို)က ဦးဝင်းတင်ပါ ၂ ဦးအပေါ် တရားလိုကုမ္ပဏီမှ ချေးယူငွေ တိုးရင်းနှင့် ဒဏ်ကြေးငွေကျပ် (၂၂၆၅၆၉၇၄/-) နှင့် နစ်နာကြေးငွေကျပ် (၅၃၄၃၀၂၆/-) စုစုပေါင်းငွေကျပ် (၂၈၀၀၀၀၀၀/-)(ငွေကျပ်သိန်းနှစ်ရာ့ရှစ်ဆယ်ကျပ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့သည် အမှုသည်အဖြစ် ပါဝင်လိုပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်)မွန်းမတည့်မီ ၉:၃၀ နာရီတွင် ရုံးတော်သို့ လာရောက်ရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
## ရွှေဘိုခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ် -၂

ကွယ်လွန်သူ ဦးကျော်မြင့်ထွန်း(ဘ)ဦးကျော်သန်း စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လှတောကျေးရွာနေသူ၌ ကျန်ရစ်သော ပစ္စည်းအကြောင်း။

ဒေါ်သဲမာခိုင်(ဘ)ဦးမြဘော် **လျှောက်သူ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးကျော်မြင့်ထွန်း၏ ကျန်ရစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၌ မှတ်ပုံတင်ထားသော ကွင်းအမှတ် ၃၂၈၄၊ ဦးပိုင်အမှတ် ၇၅/၁၊ လယ် ၂ ဒသမ ၁၈ဧကရှိ လယ်မြေတို့အပေါ်၌အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သဲမာခိုင်(ဘ)ဦးမြဘော် ၅/ဝလန(နိုင်) ၁၆၁၉၉၆၊ တောင်သူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၉ရက် (၁၃၈၃ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်မြင့်ထွန်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၉ရက်(၁၃၈၃ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သဲမာခိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ် သည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်မင်းစိုး)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ် အမှတ် 6K/9729 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-7G/7946 (Toyota Dyna)၊ ယာဉ်ပိုင်ရှင်အမည်-ဦးစိုးမြင့် ၁၃/ညရန(နိုင်)၀၆၅၅၄၀သည် ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ်(ဗ-၄)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၅၇ လမ်းနှင့်ပရန်တော်ချောင်းကြား၊ ပိတောက်လမ်းနှင့် မဥ္ဇူလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ခင် ၉/မနမ (နိုင်)၀၁၄၉၃၈ က မြေချထားမိန့်၊ ငွေသွင်းပြေစာမူရင်းပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် (၅၁၃-က)၊ ဦးပိုင်အမှတ်(၂၃-က)၊ ၄၁ နှင့် ၄၂ လမ်းကြား၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြားရှိ ဦးအုန်းမြင့် အမည်ပေါက်ဂရန်မြေကွက်အား (ဖခင်)ဦးအုန်းမြင့်၊ (မိခင်)ဒေါ်တင်လှ၊ (အစ်ကို)ဦးဝင်းမြင့်(လူပျိုကြီးဘဝ)တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၅၂၈/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော သား/ညီဖြစ်သူ ဦးစိုးလင်းကြည် ၉/မရတ(နိုင်)၀၃၆၆၇၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၈၂၆/ ၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝေယံအောင် ၉/မဟမ(နိုင်)၀၁၅၁၃၃ က ဂရန်စာချုပ် မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လ ကာလ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

- (က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး။** နေပြည်တော်
- (ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့။** နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး
- (ဂ) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊
- (ဃ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။** နေပြည်တော်
- (င) **အကျဉ်းဦးစီးဌာန။** နေပြည်တော်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး
- (စ) **မီးသတ်ဦးစီးဌာန။** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁-၁၀-၂၀၂၁ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၁၅-၁၀-၂၀၂၁ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၄၆၆ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၁၂၇၇၂၊ ၀၆၇-၃၄၁၂၇၉၄ |
| (ဃ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (င) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (စ) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေး ကော်မတီသည် အောက်ဖော်ပြပါတပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်နှင့် အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၁၀-၂၀၂၁ ရက်မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၁၄-၁၀-၂၀၂၁ရက် ညနေ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇-၃၄၁၂၇၈၈ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**စက်နှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## Customs Statement မူရင်းပျောက်ဆုံးကြောင်း

Easy Rider Motorbike Co.,Ltd ၏ Inport Licence No.ILV202100544, ID.100164236540 နှင့် Inport Licence No.OVSIL22021000538, ID.100166932131 တို့၏ Customs Statement များသည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိထားသည့်သူများ အောက်ဖော်ပြပါအတိုင်း ဆက်သွယ်ပေးပါရန်။

**ဦးအာကာလင်း**
ဖုန်း-၀၉-၇၇၇၀၄၇၁၈၅၊ ၀၉-၂၆၂၈၇၇၆၆၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ ချောင်းသာ(၂)လမ်း၊ မြေကွက်အမှတ်(၉၇၇-က)ရှိ ဦးမြမောင် အမည်ဖြင့် မြေချပါမစ်အမည်ပေါက်မြေကွက် အလျားxအနံ ပေ(၂၀x၆၀)မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သီတာကြွယ် ၁၂/လသန(နိုင်)၀၀၈၉၈၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဥမ္မာမြင့်(စဥ်-၈၃၅၁) | ဒေါ်စုစုအောင်(စဥ်-၁၃၄၉၈) |
| LL.B, D.B.L | LL.B |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

## နယူးအေ့စ်ကုမ္ပဏီလီမိတက် (အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)၏ မြီရှင်များသို့ ကြေညာချက်

''နယူးအေ့စ်ကုမ္ပဏီလီမိတက်သည် ၁၅-၉-၂၀၂၁ ရက် ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ အစုရှယ်ယာရှင်များ၏ သဘောဆန္ဒအလျောက် ဖျက်သိမ်းရန်ဆုံးဖြတ်၍ ဦးနေမျိုးအောင် (B.Com,CPA)အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ၁၅-၉-၂၀၂၁ ရက်တွင် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်ရှိသော မြီရှင်များသည် မိမိတို့၏ ရရန်ရှိသည်များကို သက်ဆိုင်ရာ အထောက်အထားများနှင့်အတူ ၂၄-၁၀-၂၀၂၁ ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တင်ပြဆက်သွယ်ကြပါရန် ကြေညာအပ်ပါသည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဦးနေမျိုးအောင်**
**B.Com,CPA,MBA,HGP,DBL,DIL,DA(LCCI)**
**အမှတ်(၃၂)၊ (၅)လွှာ၊ ၁၆၅ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၁၃၉၆**

## U THAN OHN AND SONS MINING CO.,LTD
## အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
## မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈(င)အရ အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ် နောက်ဆုံးအစည်းအဝေးကို ၂၈-၉-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် အခန်းအမှတ်(၁၀၅)၊ ပထမထပ်၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးကြည်လင်**
**လက်မှတ်ရပြည်သူ့စာရင်းကိုင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## ကုမ္ပဏီအား ဖျက်သိမ်းကြောင်း ကြော်ငြာ
## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း
## Keiai Yangon Co.,Ltd.

၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အစည်းအဝေးဆုံးဖြတ်ချက်အရ Keiai Yangon Co.,Ltd အား ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်နိုင်ဦး (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်နိုင်ဦး** | **U Min Swe Thet** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၇၆၂)** | **Director** |
| **အမှတ်(၅၀)၊ အခန်း(၉)၊ ဒုတိယထပ်** | **Keiai Yangon Co.,Ltd.** |
| **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်** | |
| **ဖုန်း-၀၉-၇၇၇၅၀၅၇၃၇** | |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | |

## Menicon Co.,Ltd(Myanmar Branch)
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မြန်မာပြည်ရုံးခွဲဖျက်သိမ်းကြောင်းကို အများသိစေရန်ကြေညာခြင်း

Menicon Co.,Ltd(Myanmar Branch) သည် ၂၀၂၁ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဆန္ဒအလျောက် စက်တင်ဘာ ၃၀ရက်မှစ၍ မြန်မာပြည်ရုံးခွဲကို ဖျက်သိမ်းမည်ဖြစ်ပါသည်။ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်ချို (ပြည်သူ့စာရင်းကိုင်)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။ Menicon Co.,Ltd(Myanmar Branch) မြန်မာပြည်ရုံးခွဲနှင့် သက်ဆိုင်သော ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ခုနှစ် နိုဝင်ဘာ ၃၀ရက်ထက်နောက်မကျစေဘဲ အောက်ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်းကိုပါ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **Mr.Takami Aun** | **ဒေါ်ခင်ချို(ပြည်သူ့စာရင်းကိုင်)** |
| **Authorised Officer** | **(B.Com(Q), C.P.A)** |
| **Menicon Co.,Ltd(Myanmar Branch)** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| | **ဖုန်း-၀၉-၄၅၀၀၁၈၉၄၆** |

## ကုမ္ပဏီအား ဖျက်သိမ်းကြောင်း ကြော်ငြာ
## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း
## Plus One Global Design Myanmar Co.,Ltd

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ Plus One Global Design Myanmar Co.,Ltd အား စက်တင်ဘာ ၃၀ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်နိုင်ဦး (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်နိုင်ဦး** | **Mr.Yuki Morimoto** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၇၆၂)** | **Director** |
| **အမှတ်(၅၀)၊ အခန်း(၉)၊ ဒုတိယထပ်** | **Plus One Global Design Myanmar** |
| **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်** | **Co.,Ltd** |
| **ဖုန်း-၀၉-၇၇၇၅၀၅၇၃၇** | |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | |

## Keiai Company Limited(Yangon Branch)
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မြန်မာပြည်ရုံးခွဲဖျက်သိမ်းကြောင်းကို အများသိစေရန်ကြေညာခြင်း

Keiai Company Limited(Yangon Branch) သည် ၂၀၂၁ခုနှစ် စက်တင်ဘာ ၂၀ရက်တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ စက်တင်ဘာ ၃၀ ရက်မှစ၍ ဆန္ဒအလျောက် မြန်မာပြည်ရုံးခွဲကို ဖျက်သိမ်းမည်ဖြစ်ပါသည်။ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်နိုင်ဦး (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။ Keiai Company Limited(Yangon Branch) မြန်မာပြည်ရုံးခွဲနှင့်သက်ဆိုင်သောရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ခုနှစ် နိုဝင်ဘာ ၃၀ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်းကိုပါ အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်နိုင်ဦး** | **Yuzo Kushida** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၇၆၂)** | **Director** |
| **အမှတ်(၅၀)၊ အခန်း(၉)၊ ဒုတိယထပ်၊** | **Keiai Company Limited(Yangon Branch)** |
| **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊** | |
| **ဖုန်း-၀၉-၇၇၇၅၀၅၇၃၇** | |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | |

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY
## ELECTRIC POWER GENERATION ENTERPRISE
### GROUND MOUNTED SOLAR POWER PROJECTS IN MYANMAR
### (Tender No. EPGE PV 02/2021–2022)

In accordance with section 8.2 ''AMENDMENTS" of Request for Proposals (RFP) of EPGE PV 02/2021–2022, EPGE herewith would like to announce that Bid Submission Data shall be amended as 15th October 2021 and the Addendum No.3 shall be issued.

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၇၀)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၁၂၁၄-ခ)ရှိ ဦးသန်းဌေးအမည်ဖြင့် မြေချပါမစ်အမည်ပေါက် မြေကွက်အလျားxအနံ ပေ(၂၀x၆၀)မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မိဘများကွယ်လွန်ပြီးသည့်အတွက် အမွေဆက်ခံပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေတို့သည် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဥမ္မာမြင့်(စဥ်-၈၃၅၁) | ဒေါ်စုစုအောင်(စဥ်-၁၃၄၉၈) |
| LL.B, D.B.L | LL.B |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ ပြည်တော်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၇၊ ပြည်တော်သာ ၁၅၊ ရွာလေးမြေနီကုန်း)၊ ဦးပိုင်အမှတ်(၉/က၊ ၂၃၂/က)၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေကွက်ကို ဦးတင်အောင်ချို၊ ဦးတိုင်းကိုကိုတို့အမည်ဖြင့် မြေဂရန်အမည်ပြောင်း ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆ခ/၂၊ ခေမာသီရိ)၊ ဦးပိုင်အမှတ်(၁၁၄/က)အနက်မှ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ အိမ်မြေယာကွက်ကို ပြေစာအမည်ပေါက် ပိုင်ဆိုင်သူများဖြစ်သော ဒေါ်ဇာခြည်သင်း ၁/မကန(နိုင်)၀၉၃၅၉၅ နှင့်ဒေါ်ဇာခြည်လင်း ၁/မကန(နိုင်)၀၉၃၄၉၄ တို့နှစ်ဦးထံမှ ဦးအောင်သူရ ၁/မကန(နိုင်)၁၂၅၆၂၇ က ၁၀-၉-၂၀၂၁ ရက်စွဲပါ နှစ်ဖက်သဘောတူ အိမ်ခြံမြေအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါအိမ်မြေကွက်နှင့် ပတ်သက်ပြီး ကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်ခြင်း၊ ဂရန်အသစ်လျှောက်ထားခြင်းတို့ကို ပြုလုပ်တော့မည်ဖြစ်ပါသဖြင့် ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားခိုင်ခိုင်လုံလုံဖြင့် ကျွန်ုပ်တို့ ထံကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ တစ်စုံ တစ်ရာမရှိပါက ကျမ်းကျိန်ဆိုလွှာ မှတ်ပုံတင်ခြင်း၊ ဂရန်အသစ်လျှောက်ထားခြင်းတို့ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သူရ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီဝင်းသောင်း(LL.B)** | **ဦးအောင်မင်းမင်းထက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၀၀၃)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၀၇၄)** |
| **ဖုန်း-၀၉-၄၃၀၂၂၁၇၁** | **ဖုန်း-၀၉-၄၄၀၀၀၅၇၁၈** |

## အများသိစေရန်

ဒေါ်အေးမြတ်ထက်(ခ)ဆရာမ ဒေါ်မေမြတ်သွန်းချယ် ၁၂/ကမတ(နိုင်)၀၆၀၁၆၄ နှင့် ဦးမျိုးခိုင်ဦး(ခ)ဆရာကောင်းဇော်ဟိန်း ၉/မထလ(နိုင်)၀၀၄၈၅၆တို့သည် ၂၁-၁၂-၂၀၀၆ ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် စမ်းချောင်းမြို့နယ်တွင် လူသိရှင်ကြားပေါင်းသင်း နေထိုင်ရင်း စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရား ရင်ပြင်တော်ဆိုင်ခန်းအမှတ် (၁၅/ခ)တွင် ''ဆရာကောင်းဇော်ဟိန်း''အမည်ဖြင့် ဗေဒင်လက္ခဏာ ဟောခန်းဖွင့်လှစ်၍ လုပ်ကိုင်ခဲ့ကြပါသည်။ ၂၄-၇-၂၀၂၁ ရက်တွင် ဦးမျိုးခိုင်ဦး(ခ)ဆရာ ကောင်းဇော်ဟိန်း ကွယ်လွန်ခဲ့ပြီးနောက် ဇနီးဖြစ်သူ ဒေါ်အေးမြတ်ထက်သည် ''ဆရာမ မေမြတ်သွန်းချယ်''အမည်ဖြင့် အထက်ပါဆိုင်ခန်းတွင် ကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့၏ တရားဝင်ခွင့်ပြုချက်ဖြင့် ၁-၉-၂၀၂၁ ရက်မှစ၍ ဗေဒင်လက္ခဏာဟောခန်း ဆက်လက်ဖွင့်လှစ်၍ ဟောပြောလျက်ရှိကြောင်း အများသိစေရန် ကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အေးမြတ်ထက်(ခ)ဒေါ်မေမြတ်သွန်းချယ်** | **ဦးစိုးဟန်(LL.B)** |
| **၁၂/ကမတ(နိုင်)၀၆၀၁၆၄** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၅၈၁၂)** |
| | **၁၇-၁၂-၁၉၉၁** |
| | **အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြ** |
| | **ကွက်သစ်၊ သန်လျင်မြို့၊** |
| | **ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊** |
| | **၀၉-၄၄၃၁၆၉၄၁၂** |

## တိုက်ခန်းရောင်းမည်

၁၂' ၁/၂"x၆၀' (မြေညီထပ်) ၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်

**ဖုန်း-၀၉-၉၆၁၅၄၇၄၆၅**
**၀၁-၂၄၈၁၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/5587 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်စိုးလှိုင် ၁၄/ညတန(နိုင်)၁၃၆၆၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 16W/23919, Honda Wave 125, M/C ယာဉ်အမည်ပေါက်သူ ဒေါ်သန္တာဝင့် ၁၄/ကလန(နိုင်)၀၇၈၉၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ဖျာပုံမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရန်အောင်မြင့် ၁၂/ဒဂရ(နိုင်)၁၂၃၀၁၇၏ နိုင်ငံကူးလက်မှတ် (MA 029764) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၈၆၁၂၆၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/5690, Honda Partner GJ3, SW(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ခိုင် ၁၂/ဥကမ(နိုင်)၀၅၅၉၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ပတ်စ်ပို့ပျောက်

ကျွန်တော်ဦးဒေးဗစ်မိုင်အောင် ၁/မကန(နိုင်)၀၀၈၈၆ဖြ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၁၁၉၁၇၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/7975 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/5762 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/24001 (Honda Shadow) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၉/ဒခသ(နိုင်)၀၀၁၂၁၂၈(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊အောင်ပန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မင်းတပ်မြို့ရှိ CDF အဖွဲ့များကို ထောက်ပံ့ပေးနေသော အေးငြိမ်းသူထံ လက်နက်ခဲယမ်း၊ ငွေကြေး၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများပို့ဆောင်ပေးနေသူ ကျော်ဌေး အပါအဝင် သုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သရက်တောကျေးရွာအနီးရှိ သရက်တော စစ်ဆေးရေးဂိတ်၌ မင်းတပ်မြို့ရှိ အကြမ်းဖက် CDF (Chinland Defense Force)အဖွဲ့များကို ထောက်ပံ့ပေးနေသော အေးငြိမ်းသူထံသို့ လက်နက်ခဲယမ်း၊ ငွေကြေး၊ ဆေးရုံသုံး ပစ္စည်းများနှင့် ဆေးဝါးများ ပို့ဆောင်ပေးနေသူ ကျော်ဌေးကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ဌေး၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံ ကျော်ကျော်ထွန်းကို ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက် အမှတ်(၉)လမ်းရှိ ၎င်း၏ နေအိမ်၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် Portable X-ray စက်တစ်လုံး၊ အခြားဆေးပစ္စည်းများ၊ အောက်ဆီဂျင်တိုင်းစက် တစ်လုံး၊ ပေါင်ချိန်စက် တစ်လုံး၊ MPT ဆင်းကတ် ၂၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ကျော်ကျော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်း၏နေအိမ်၌ မေ့ဆေးပေးစက်တစ်လုံးနှင့် Toyota Tiger (Double Cab) လိုင်စင်မဲ့ (ခဲရောင်)ယာဉ် တစ်စီးတို့အား စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံ ဇော်နိုင်ဝင်းကို ပေါက်မြို့နယ် သရက်တောကျေးရွာအနီးရှိသရက်တောစစ်ဆေးရေးဂိတ်၌ ယာဉ်အမှတ်၊ 1D/7221 SURF (လိုင်စင်မဲ့)အပြာရောင်ယာဉ်နှင့်အတူ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်နိုင်ဝင်း၏ ထွက်ဆိုချက်အရ ဆောမြို့နယ် နှောကျေးရွာရှိ ၎င်း၏ နေအိမ်၌ လက်နက်ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် စက်တင်ဘာ ၁၇ ရက် ည ၁၀ နာရီခန့်တွင် သွားရောက်ရှာဖွေခဲ့ရာ နေအိမ်၌ Beretta(ဘာရက်တာ) ၉ မမ ပစ္စတို တစ်လက်၊ Retay X treme ၉ မမ ပစ္စတို တစ်လက်၊ ၉ မမကျည် ၁၃၅ တောင့်နှင့် ၅.၅၆ ကျည် ၄၇၂ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်၏ အဓိကတရားခံဖြစ်သော အေးငြိမ်းသူသည် အကြမ်းဖက် NUG ၏ တရားခံပြေး ဇော်ဝေစိုးနှင့် Zoom Meeting ဖြင့် ချိတ်ဆက်ကာ အကြမ်းဖက် မင်းတပ် CDF များကို ကာကွယ်ကုသမှု

*စာမျက်နှာ ၉ ကော်လံ ၁* ✪



ကျော်ဌေး
(၁၆-၉-၂၀၂၁ ဖမ်းမိ)



ကျော်ကျော်ထွန်း
(၁၇-၉-၂၀၂၁ ဖမ်းမိ)



ဇော်နိုင်ဝင်း
(၁၇-၉-၂၀၂၁ ဖမ်းမိ)



ဆောမြို့နယ် နှောကျေးရွာရှိ ဇော်နိုင်ဝင်း၏ နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများ။

## ဝက်စ်ဟမ်းကိုရှုံးပြီး ကာရာဘောင်ဖလားပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရသည့် မန်ယူ



ကာရာဘောင်ဖလားပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် မန်ယူအသင်းရော ဝက်စ်ဟမ်းအသင်းပါ အရန်ကစားသမားအများစုကို အသုံးပြုပြီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။ မန်ယူအသင်းတွင် လင်ဂတ်၊ မာတာ၊ ဆန်ချို၊ မာရှယ်တို့ ဦးဆောင်ပွဲထွက်လာခဲ့သလို ဝက်စ်ဟမ်း အသင်းတွင် လန်ဇီနီ၊ မာဆူကာ၊ ဘိုဝင်တို့ဖြင့် ပွဲထွက်လာခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ●

## ယနေ့ သတင်းအညွှန်း

မရမ်းကုန်းနှင့် မြောက်ဒဂုံတွင် ဖောက်ခွဲမှု(၁)ကြိမ်နှင့် လုပ်ကြံသတ်ဖြတ်မှု (၃)ကြိမ် ကျူးလွန်ခဲ့သူများကို ဖမ်းမိ အကြမ်းဖက်အဖွဲ့အစည်း NUG က အသက်မပြည့်သေးသော လူငယ်များကို ဝါဒမှိုင်းတိုက်ခိုင်းစေခဲ့ခြင်းဖြစ် စာမျက်နှာ - ၁၀

လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၆၈ ဦးအား မော်တော်ယာဉ်များဖြင့် နေရပ်သို့ပြန်လည်ပို့ဆောင် စာမျက်နှာ - ၂၂